စစ်ကောင်စီတပ် ဝင်ရောက် စီးနင်းတပ်စွဲခဲ့သည့် စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ချင်းပုန်းကျေးရွာတွင် အပြစ်မဲ့ ပြည်သူ ၉ ဦးအား ပစ်ခတ် သတ်ဖြတ်ခဲ့ကြောင်း ဒေသခံ သတင်းရင်းမြစ်များထံက သိရသည်။

ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် ချင်းပုန်းကျေးရွာအနီး ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ သင်တန်းဆင်းပွဲသို့ စစ် ကောင်စီတပ်က ရဟတ်ယာဉ်များဖြင့် လာရောက် ပစ်ခတ် တိုက်ခိုက်သည့်အပြင် ရွာထဲသို့ ဝင်ရောက် စီးနင်းမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ စီးနင်း ဝင်ရောက်မှုကြောင့် ထွက်ပြေး တိမ်းရှောင်နေရသူများလည်းရှိသလို၊ ရွာအတွင်းရှိ တွဲလျက်ဖွင့်ထားသည့် မူကြိုကျောင်းနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းကျောင်းများမှ မူကြိုအရွယ် ကလေးငယ် ၈၀ ကျော်နှင့် ၁၈ နှစ်အောက် ကလေးငယ်များ၊ ဆရာ၊ ဆရာမများ အပါအဝင် ဒေသခံ ၂၀၀ ခန့်ကို ၂ ရက်ကြာ ဓားစာခံအဖြစ် ဖမ်း ဆီးထားကာ ယနေ့တွင် ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

ထို့နောက် ယနေ့ နေ့လယ်ပိုင်းတွင် ကျေးရွာမှ စစ်တပ် ထွက်ခွာသွားပြီးနောက် ပစ်ခတ်သတ်ဖြတ်ခံထားရသည့် အသက် ၂၀ နှင့် ၅၀ ကြားအရွယ်ရှိ အမျိုးသား ၈ ဦး၊ အမျိုးသမီး ၁ ဦး၏ စုစုပေါင်း ၉ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ပြီး မည်သူမည်ဝါ ဖြစ်သူကို အတည်ပြုနေဆဲ ဖြစ်ကြောင်း ဒေသခံများ၏ ပြောဆိုသည်။



ယင်းမာပင်မြို့နယ်၊ ချင်းပုန်းကျေးရွာအနီး ပျံဝဲနေသည့် စစ်ရဟတ်ယာဉ်များ (ဓာတ်ပုံ- CJ)

ဒေသခံ တဦးက “၉ ယောက်လုံးကို ပစ်သတ်သွားတာ။ သူတို့ကတော့ ငါနဲ့ မတည့်သူ ငါ့ရန်သူ သဘောထားတော့ ဒီဘက်တွေမှာ ဆိုရင် ကနီ၊ ယင်းမာပင်၊ ပုလဲ ၃ မြို့နယ်ကို သူတို့ ရန်သူလို့ သတ်မှတ်ထားပြီးတော့ တဦးတယောက် မကျန် တွေ့ရင် သတ်ဖို့ပဲ ချောင်းနေတာ။ စစ်သားတွေက ပြန်လာမှာ စိုးလို့ တချို့လူတွေက ကြောက်လန့်ပြီးတော့ မဝင် ကြသေးဘူး။ ကလေးတွေကိုပါ ခေါ်သွားပြီးတော့ ရွာထဲက ထွက်သွားတယ်” ဟု ပြောသည်။

စစ်ကောင်စီတပ်က ချင်းပုန်းကျေးရွာမှ မထွက်ခွာမီ ဘုန်းကြီးကျောင်း ဆောက်လုပ်ရန် လှူဒါန်းငွေများအပြင် ကျေးရွာ အတွင်း နေအိမ်များအား ဖောက်ထွင်း မွှေနှောက်ကာ ငွေကြေးနှင့် တန်ဖိုးရှိ ပစ္စည်းများအား ယူငင်သွားကြောင်း ဒေသ ခံတဦးက ပြောသည်။

ကျေးရွာတွင် စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် ၃ လုံး မီးလောင်ကာ လက်နက်ကြီး ထိမှန်၍ နေအိမ် ၁ လုံး ထိခိုက်ခဲ့ပြီး ကား ၄ စီး၊ ဆိုင်ကယ် ၅၉ စီး ပျက်စီးခဲ့ကြောင်း သိရသည်။



ယင်းမာပင်မြို့နယ်၊ ချင်းပုန်းကျေးရွာအနီး ပျံဝဲနေသည့် စစ်ရဟတ်ယာဉ်များ (ဓာတ်ပုံ- CJ)

ယမန်နေ့က စစ်ကောင်စီတပ်က ဘုန်းကြီးကျောင်းရှိ လော်စပီကာမှတဆင့် ရွာခံများ အနေဖြင့် မိမိတို့ ကလေးငယ်များကို ပြန်လာခေါ်ပြီး နေအိမ်များသို့ ပြန်လာနိုင်ပြီ ဖြစ်ကြောင်း အကယ်၍ ပြန်မလာပါက အိမ်များအား ချိတ်ပိတ်ခြင်း၊ မီးရှို့ခြင်းများကို ပြုလုပ်မည်ဟု ခြိမ်းခြောက် ပြောဆိုမှုရှိကြောင်း

ဒေသခံများ ပြောပြချက်အရ သိရသည်။

ထိုသို့ ကြေညာပြီးနောက် ကလေးငယ်များကို ပြန်လာခေါ်သူ ၁၀ ဦးကျော်ကို စစ်ကောင်စီက ထပ်မံ၍ ဖမ်းဆီးခဲ့သေး ကြောင်း ဒေသခံများက ဆိုသည်။

စစ်ကောင်စီတပ်က ကလေးငယ်များအား ဓားစာခံအဖြစ် ဖမ်းဆီး အသုံးပြုခြင်းမှာ ပဋိပက္ခကာလအတွင်း ကလေး သူငယ်များအပေါ် အကြမ်းဖက်မှု ဖြစ်သည့်အတွက် အပြင်းအထန် ရှုတ်ချကြောင်း အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနနှင့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနက ထုတ်ပြန် သည်။

https://burma.irrawaddy.com/news/2022/02/28/250183.html

--------------------------------------------------------------------------------------------------------

## ချင်းပုန်းကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့ သတ်ဖြတ်ထားသည့် အလောင်း ၂၀ ကျော်တွေ့ရှိ

Published By DVB | 28 February, 2022



စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ချင်းပုန်းကျေးရွာမှာ စစ်ကောင်စီတပ်ဖွဲ့သတ်ဖြတ်ထားတဲ့ ရုပ်အလောင်းတွေ မီးရှို့ဖျက်ဆီးထားခဲ့တဲ့ နေအိမ်အချို့နဲ့ ကား၊ ဆိုင်ကယ်တွေကို တွေ့ရှိခဲ့ရတယ်လို့ ဒေသခံတွေ ပြောပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ဟာ ဖေဖော်ဝါရီ ၂၆ ရက်နေ့က ချင်းပုန်းကျေးရွာအတွင်းကို ရဟတ်ယာဉ်တွေနဲ့ ပစ်ခတ်ဝင်ရောက်လာခဲ့ပြီးနောက် အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးတာကြောင့် ဒေသခံတွေ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရကာ ဒီနေ့မှာတော့ ချင်းပုန်းကျေးရွာအတွင်းကနေ ပြန်လည် ထွက်ခွာသွားခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ ပြန်လည်ထွက်ခွာသွားပြီးနောက် ဒေသခံပြည်သူတွေဟာ ကျေးရွာအတွင်းကို ပြန်လည်ဝင် ရောက်ခဲ့ကြပြီး လှည့်လည်စစ်ဆေးကြည့်ရှုကြရာ လောလောဆယ် ပုပ်ပွနေတဲ့ အမျိုးသား ၁၉ ဦးနဲ့ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ရုပ်အလောင်း ၂၁ လောင်း တွေ့ရှိခဲ့သလို သေဆုံးသူအရေအတွက် ဒီထက်မက ပိုနိုင်တယ်လို့ ကြည့်ရှုစစ်ဆေးရာမှာပါဝင်တဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။

အဲဒီအပြင် ကား ၄ စီး၊ ဆိုင်ကယ် ၆၄ စီးနဲ့ နေအိမ် ၂ လုံးကိုလည်း မီးရှို့ဖျက်ဆီးထားခဲ့ကြသလို ပြည်သူ ၃ ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားတယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ဟာ ချင်းပုန်းကျေးရွာအတွင်းကနေ ထွက်ခွာသွားပြီးနောက် ဝါးစိမ်းတောင်အနီး ပတ်ဝန်းကျင်တစ်လျှောက်မှာလည်း ရဟတ်ယာဉ်တွေနဲ့ ဗုံးကြဲတာ၊ စက်သေနတ်တွေနဲ့ ပစ်ခတ်တာတွေ ပြုလုပ်ခဲ့ကြသလို သပြေအေးကျေးရွာအတွင်းကိုလည်း ဝင်ရောက်ခဲ့ကြပြီး ပစ်ခတ်သံတစ်ချို့လည်း ကြားရကာ ကျေးရွာအတွင်းကလည်း မီးခိုးတွေ တက်လာတာ မြင်နေရတယ်လို့ ဒေသခံတွေကပြောပါတယ်။

လက်ရှိအချိန်မှာ စစ်ကောင်စီတပ်ဖွဲ့ဟာ သပြေအေးကျေးရွာအတွင်းမှာ မီးရှို့ ပြုနေတာကြောင့် ဒေသခံပြည်သူ တွေလည်း ထွက်ပြေးနေကြရတယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/519415

--------------------------------------------------------------------------------------------------------

## ကလေးငယ်များနှင့် ရွာခံများ ရာချီ အဖမ်းခံထားရသည့် ချင်းပုန်းရွာကို စစ်ကောင်စီတပ် မီးရှို့

By Peen | 28 February 2022



ကလေးငယ်များနှင့် ရွာခံများ ရာချီ ဖမ်းဆီး ခံထားရသည့် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်ရှိ ချင်းပုန်းရွာကို စစ်ကောင်စီတပ်က ယနေ့ ဖေဖော်ဝါရီလ ၂၈ ရက် နံနက် ၁၀ နာရီ ဝန်းကျင်မှ စပြီး မီးရှို့နေကြောင်း ဒေသခံ တစ်ဦးက မဇ္ဈိမကို ပြောသည်။

"ကျွန်မတို့က တောထဲမှာ စစ်ဘေးရှောင်နေတာ။ အိမ်ခြေ တော်တော်များများကို ရှို့နေတာ ဖြစ်မယ် ထင်တယ်။ မီးခိုးက မိုးတစ်ခုလုံးကို မှိုင်းလို့။ ချင်းပုန်းရွာ အနောက်ဘက်ပိုင်း လောက်မှာ ရှို့နေတာ။ တစ်ရွာလုံးကိုများ ရှို့ဖို့ စိတ်ကူးထားသလား မသိဘူး" ဟု ၎င်းက ပြောသည်။

အင်အား ၁၀၀ ဝန်းကျင်ရှိ စစ်ကောင်စီတပ်သည် ချင်းပုန်းရွာတွင် တပ်စွဲထားပြီး ရွာအတွင်း၌ အသက် ၅ နှစ်အောက် ကလေးငယ် ၈၀ ဦး အပါအဝင် ရွာခံ ရာချီ ဖမ်းဆီးခံ ထားရကြောင်း ၎င်းက ပြောသည်။

အကြမ်းဖက် စစ်ကောင်စီတပ်က ညောင်ကုန်းကျေးရွာ၏ မြောက်ပိုင်းတွင် ပြုလုပ်နေသည့် အသုဘ နေရာကို ဖေဖော်ဂါရီလ ၂၆ ရက်နေ့ နံနက် ၁၀ ဂန်းကျင်က ရဟတ်ယာဉ် လေးစီးဖြင့် စတင် ပစ်ခတ် ခဲ့ပြီးနောက် ချင်းပုန်းကျေးရွာ အတွင်းသို့ ထပ်မံ ပစ်ခတ်ကာ တပ်စွဲလျက် ရှိရာ ကလေးငယ်များ အပါအဝင် ရွာခံများ ပိတ်မိနေခဲ့ခြင်း ဖြစ်ကြောင်း ဒေသခံက ပြောသည်။

"ရွာမှာက အသက် နှစ်နှစ်နဲ့ ငါးနှစ်ကြား မူကြိုတက်နေတဲ့ ကလေးတွေရယ်၊ ဆရာမအချို့၊ သက်ကြီးရွယ်အိုတွေ လောက်ပဲ ကျန်ခဲ့တာ။ ကျန်တဲ့သူတွေက တောင်ယာ လုပ်နေတာနဲ့ ရွာထဲ မရှိကြဘူး။ စစ်ကောင်စီက ချင်းပုန်းရွာသားတွေ အကုန်လုံး ပြန်လာကြဖို့ ခေါ်တယ်။ မလာရင် အိမ်တွေကို ချိပ်ပိတ်မယ်လို့ ကြေညာခဲ့ပြီး မဝင်ကြတော့ ဒီနေ့ မီးရှို့တော့တာပဲ" ဟု ဒေသခံက ပြောသည်။

ချင်းပုန်းရွာ ဘုန်းတော်ကြီး အပါအဝင် ရွာအပြင် ရောက်နေသည့် ကလေးမိဘ အချို့သည့် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကလေးများကို ကြည့်ရှု စောင့်ရှောက်ရန်နှင့် အခြေအနေ သိရရန် ရွာထဲ ဝင်သွားပြီးနောက် ဖုန်းအဆက်အသွယ်ပါ ပြတ်တောက်သွားပြီး သတင်း တစ်စုံတစ်ရာ ကြားသိရခြင်း မရှိတော့ဟုလည်း ပြောသည်။

ယနေ့ ဖေဖော်ဝါရီလ ၂၈ ရက် နေ့ခင်းပိုင်းတွင်မှ ချင်းပုန်းရွာရှိ အကြမ်းဖက် စစ်ကောင်စီ တပ်ဖွဲ့ဝင် များကို စစ်ကောင်စီတပ်က ရဟတ်ယာဉ်ဖြင့် လာရောက် ခေါ်ဆောင်သွားပြီး ဓားစာခံ အချို့ကိုလည်း ဖမ်းခေါ် သွားကြောင်း ဒေသခံက ပြောသည်။

အိမ်ခြေ ၃၀၀ ဝန်းကျင်ရှိ ချင်းပုန်းရွာ အိမ်မီးလောင်ပျက်စီးမှု၊ ဖမ်းဆီးခံထားရသည့် ကလေးနှင့် ရွာခံများ၏ နောက်ဆက်တွဲ အခြေအနေများကိုမူ ကိုယ်တိုင် ထွက်ပြေး တိမ်းရှောင် နေရသည့် အတွက် မသိရသေးဟု ဒေသခံ တစ်ဦးက ပြောသည်။

အကြမ်းဖက် စစ်ကောင်စီက ယင်းမာပင်မြို့နယ် ဝါးစိမ်းတောင် တစ်ကြောကို ယနေ့ နေ့လယ် ၁၂ နာရီ ဝန်းကျင်မှ စကာ ရဟတ်ယာဉ် လေးစင်းဖြင့် ပစ်ခတ် နေသည်ဟု ဒေသခံ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင် တစ်ဦးက ပြောသည်။

https://www.mizzimaburmese.com/article/100629

---------------------------------------------------------------------------------------------------

## ယင်းမာပင်မြို့နယ် ချင်းပုန်းကျေးရွာတွင် PDF များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိတွေ့မှုဖြစ်ပွားပြီး လက်လုပ်သေနတ်များ၊ ဗုံးသီးများ၊ Drone တစ်စင်း၊ မော်တော်ယာဉ်ခြောက်စီးနှင့် ဆိုင်ကယ် ၄၅ စီး သိမ်းဆည်းရမိဟု နစက ထုတ်ပြန်

PUBLISHED | 28 FEBRUARY 2022

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ချင်းပုန်းကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF များ ထိတွေ့မှုဖြစ်ပွားပြီး လက်လုပ်သေနတ်များ၊ ဗုံးသီးများ၊ Drone တစ်စင်း၊ မော်တော်ယာဉ်ခြောက်စီးနှင့် ဆိုင်ကယ် ၄၅ စီး သိမ်းဆည်းရမိကြောင်း နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်သည်။

ယင်းမာပင်မြို့နယ်အတွင်းရှိ အချို့ကျေးရွာများ၌ PDF များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများအား မိုင်းထောင်၊ မိုင်းခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံလူထုနှင့်ခရီးသွားများအား ငွေကြေးတောင်းခံခြင်း စသည့်လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း ပြည်သူအချို့၏ သတင်းပေးပို့ချက်အရ သိရှိရကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိစဉ် ယင်းမာပင်မြို့နယ်၊ ချင်းပုန်းကျေးရွာ၌ PDF များ ရောက်ရှိခိုအောင်းလျက်ရှိကြောင်း သတင်းအရ ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းအား လိုအပ်သည့် စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ရေး ချဉ်းကပ်စဉ် အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ပြီး PDF များသည် အရှေ့မြောက်ဘက်နှင့် အနောက်ဘက်သို့ ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့နောက် ဖြစ်စဉ်နေရာအား ရှင်းလင်းရှာဖွေခဲ့ရာ PDF အမျိုးသား၊ အမျိုးသမီး ရုပ်အလောင်းအချို့ လက်လုပ်သေနတ်မျိုးစုံ ၁၈ လက်၊ လက်လုပ်စိန်ပြောင်းလေးလက်၊ လက်လုပ်လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၄ လုံး၊ အမ်-၂၂ ကျည် ၆၈ တောင့်၊ ၉ မမ ကျည် ၃၇ တောင့်နှင့် အခြားဆက်စပ်ပစ္စည်းများ၊ KLUGER အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ SKAT အမျိုးအစားမော်တော်ယာဉ် နှစ်စီး၊ Light Truck အမျိုးအစားမော်တော် ယာဉ်နှစ်စီး၊ SURF အမျိုးအစားမော်တော်ယာဉ် တစ်စီး၊ ဆိုင်ကယ်မျိုးစုံ ၄၅ စီး၊ Drone တစ်စင်း၊ လမ်းလျှောက်စကားပြောစက်များ၊ နိုင်ငံကူးလက်မှတ် ၃၆ အုပ်နှင့် အလျား ၁၀၀ ပေ၊ အနံ ၁၀၀ ပေရှိ လေ့ကျင့်ရေးကွင်းတစ်ခုတို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

https://news-eleven.com/article/226619

----------------------------------------------------------------------------------------------------

## ဂန့်ဂေါနယ်၌ ပြည်သူလူထု နေအိမ်များကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီး

Published By DVB | 28 February, 2022



မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ရွှေဘိုကျေးရွာကို စစ်ကောင်စီတပ်က ဖေဖော်ဝါရီ ၂၈ ရက် ဒီမနက်မှာဝင်ရောက်ပြီး ပြည်သူတွေရဲ့နေအိမ်တွေကို မီးရှို့ဖျက်ဆီးသွားတယ်လို့ ဒေသခံရွာသားတွေက ပြောပါတယ်။

မြောက်ခင်ရန်းကျေးရွာမှာတပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေ၊ တောင်ခင်ရန်းရဲစခန်းမှ ရဲတွေနဲ့ ပျူစောထီးတွေပူးပေါင်းပြီး ကျေးရွာတွင်းစစ်ကြောင်းထိုးဝင်ရောက်လာကာ နေအိမ်အများ အပြားကို မီးရှို့ဖျက်ဆီးသွားတာလို့ လည်းပြောပါတယ်။

ဒါ့အပြင် ရွှေဘိုရွာအနောက်ဘက်ရှိ ရေသာရွာမှာလည်း  နေအိမ် ၅ လုံးကို စစ်တပ်က မီးရှို့ဖျက်ဆီးသွားခဲ့တယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ စစ်ကောက်စီတပ်တွေရဲ့ အကြမ်းဖက်မှုကြောင့်  ရွှေဘိုကျေးရွာနဲ့ ရေသာကျေးရွာအနီးက ပြည်သူတွေ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

ဒီနေ့မနက် သာဝတီရဲစခန်းမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေဟာ ရေရှင်ကျေးရွာနဲ့ တင်သားကျေးရွာဘက်ကိုလည်း  လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ ဒေသခံ ရွာသားတွေက ပြောပါတယ်။

ဆက်လက်ပြီး  ဂန့်ဂေါနယ်မှာ စစ်ရေးတင်းမာနေတဲ့အတွက်  ကလေး-ဂန့်ဂေါလမ်းကို ဒေသခံပြည်သူတွေ အသွားအလာမပြုလုပ်ကြဖို့ ယော PDF တပ်ဖွဲ့က ထုတ်ပြန်သတိပေးထားပါတယ်။

လတ်တလော စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းအတွင်းက ကျေးရွာတွေကို စစ်ကောင်စီတပ်တွေက တရာဝင် တရွာထွက် ဝင်ရောက်ပြီး PDF နှိမ်နင်းရေး ခေါင်းစဉ်တပ်ကာ  ပြည်သူတွေပိုင်ဆိုင်တဲ့ အိုးအိမ်တွေကို အကြမ်းဖက် မီးရှို့ဖျက်ဆီးနေတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/519467

-----------------------------------------------------------------------------------------------

## ကန်ပက်လက်မှာ တစ်နေကုန် တိုက်ပွဲပြင်းထန်

2022.02.28



ချင်း CDF တပ်ဖွဲ့ဝင်များ။ Chin Defence Force -Kanpetlet

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မဆာတွီရွာနဲ့ မကွေးတိုင်း ဆောမြို့နယ် ဆွဲလွဲကျင်းရွာတွေကြားမှာ စစ်ကောင်စီနဲ့ ချင်းဒေသခံ CDF တပ်ဖွဲ့ကြား တိုက်ပွဲတွေ ပြင်းထန်လျှက်ရှိတယ်လို့ ကန်ပက်လက် CDF က ထုတ်ပြန်ပါတယ်။

ဖေဖော်ဝါရီလ ၂၈ ရက် ဒီကနေ့ မနက် ၈ နာရီလောက်ကစပြီး ညနေ ၄ နာရီလောက်ထိ တစ်နေကုန်တိုက်ပွဲတွေဖြစ်နေတာလို့ ဆိုပါတယ်။

ကန်ပလက် CDF အဖွဲ့ကနေ စစ်ကောင်စီ ယာဉ်တန်းကို ကြားဖြတ်တိုက်ခိုက်ခဲ့ရာက တိုက်ပွဲတွေ စဖြစ်ခဲ့တာပါ။

စစ်ကြောင်းယာဉ်တန်း အလစ်ဝင်တိုက်ခံရတာကြောင့် စစ်ကောင်စီတပ်သား အနည်းဆုံး ၁၀ ယောက် သေဆုံးပြီး အများအပြားလည်း ဒဏ်ရာရသွားကြတယ်လို့ CDF ဘက်က ခန့်မှန်းပါတယ်။

CDF ဘက်က သေဆုံး ဒဏ်ရာရတာ မရှိဘူးလို့ ဆိုပါတယ်။စစ်ကောင်စီဘက်ကတော့ ဒီနေ့ တိုက်ပွဲနဲ့ ပတ်သက်လို့ ဘာမှ ထုတ်ပြန်တာ မရှိသေးပါဘူး။

တိုက်ပွဲဖြစ်တဲ့ ဆွဲလွဲကျင်းနဲ့ မဆာတွီရွာတွေကြားမှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ဒီကနေ့ည စခန်းချတပ်စွဲ ညအိပ်ဖို့ ရှိတယ်လို့လည်း CDF ကပြောပါတယ်။ RFA အနေနဲ့ ဒေသခံတွေနဲ့ သီးခြား အဆက်အသွယ်မရသေးပါဘူး။

တိုက်ပွဲတွေ ဆက်ပြင်းထန်လာနိုင်တာကြောင့် ဒေသခံပြည်သူတွေ ခရီးသွားလာတာတွေ မလုပ်ဖို့၊ စစ်ရေးသတင်းတွေကို မလိုအပ်ဘဲ လူမှုကွန်ရက်စာမျက်နှာတွေပေါ် မတင်ကြဖို့ CDF က မေတ္တာရပ်ခံထားပါတယ်။

https://www.rfa.org/burmese/news/fighting-chin-cdf-junta-kanpalat-02282022081051.html

---------------------------------------------------------------------------------------------------

## မိုးဗြဲဒေသ စစ်ပြေးဒုက္ခသည်လေးဦး ပစ်သတ်ခံရ

28 ဖေဖော်ဝါရီ 2022

ရှမ်း-ကယားနယ်စပ် မိုးဗြဲမြို့နယ် တိုက်ပွဲတွေအတွင်း အရပ်သား စစ်ပြေးဒုက္ခသည်တွေပါ တိုက်ခိုက်ခံရလို့ ထိခိုက်သေဆုံးနေပါတယ်။ စစ်ပြေးဒုက္ခသည်တွေရဲ့ ယာယီစခန်းကို လေကြောင်းနဲ့တိုက်ခိုက်တာတွေရှိသလို ရိက္ခာပြန်ယူတဲ့ ဒေသခံတချို့ ပစ်သတ်ခံရတာတွေရှိတယ်လို့ ဒေသခံတွေနဲ့ အကူအညီပေးနေသူတွေက ပြောပါတယ်။ ရန်ကုန်က ပေးပို့တဲ့ ဒီသတင်းကို နန်းလောင်ဝ်က တင်ပြပေးထားပါတယ်။

ရှမ်း-ကယားနယ်စပ် မိုးဗြဲမြို့နယ်နဲ့ ဒီးမော့ဆိုမြို့နယ် နေရာတချို့မှာ စစ်ကောင်စီတပ်တွေနဲ့ ဒေသခံပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေအကြား ဖေဖော်ဝါရီ ၁၆ ရက်နေ့ကတည်းက ဒီနေ့အထိ နေ့စဉ်လိုလို ပစ်ခတ်တိုက်ခိုက်မှုတွေ ရှိနေပါတယ်။ တိုက်ပွဲတွေအတွင်း စစ်ကောင်စီက လက်နက်ကြီးတွေနဲ့ ဦးတည်ရာမရှိ ပစ်ခတ်နေသလို လေကြောင်းနဲ့ပါ တိုက်ခိုက်နေတာကြောင့် ဒေသခံတွေ အိုးအိမ်စွန့်ခွာထွက်ပြေးကြရပါတယ်။ မိုးဗြဲဒေသမှာတင် လက်ရှိအားဖြင့် စစ်ပြေးဒုက္ခသည် တသောင်းကျော်ရှိနေပြီး တနေ့ထက်တနေ့ ပိုမိုတိုးလာနေတယ်လို့ အကူအညီပေးသူတွေကပြောပါတယ်။ ရက်ကြာလာတာနဲ့အမျှ ဆန် ဆီ ဆား အခြေခံစားနပ်ရိက္ခာတွေပါ ပြတ်လပ်လာတယ်လို့လည်းပြောပါတယ်။

ဖေဖော်ဝါရီ ၂၇ ရက် မနေ့ကတော့ ဒေသခံတချို့ နေရပ်ပြန်ပြီး စားနပ်ရိက္ခာ ပြန်ယူရာမှာ စစ်တပ်စစ်ကြောင်းနဲ့ တိုးပြီး ၄ ဦး ပစ်သတ်ခံရတယ်လို့ အကူအညီပေးနေသူတဦးက ဗွီအိုအေကို ပြောပါတယ်။

"စာရင်းအတိအကျတွက်တာ တသောင်းကျော်ပေါ့နော်၊ အဲ့ဒီ မိုးဗြဲအနောက်ဘက်ခြမ်းမှာဆိုတဲ့ စစ်ဘေးရှောင်ပေါ့နော်။ ဒါပေမယ့် အခု ထပ်ရှောင်တဲ့ လူလည်းရှိတယ်ပေါ့နော်။ လောလောဆယ် မိုးဗြဲကနေ ရှောင်တဲ့လူကျတော့ မပြန်လာတဲ့ လူတွေ များပါတယ်။ မနေ့ညက ရိက္ခာပြန်လာယူတဲ့လူတွေရှိတယ်။ အဲ့ဒါစစ်ကြောင်းနဲ့ တိုးပြီး ပစ်သတ်ခံရတဲ့ လူ ၄ ဦးရှိတာပေါ့နော်။"

လွယ်ယင်းမင်္ဂလာကျေးရွာဘက်မှာ စစ်ကြောင်းသွားလာနေတဲ့ စစ်တပ်တွေနဲ့ တိုးပြီး ရိက္ခာပစ္စည်းပြန်ယူတဲ့ အရပ်သားပြည်သူ တဦးနဲ့ တောင်ယာသွားတဲ့ အရပ်သားပြည်သူ ၃ ဦးတို့ ပစ်ခတ်ခံရတာလို့ ပြောပါတယ်။

ဒါ့အပြင် ရှမ်း-ကယားနယ်စပ် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်း ယာယီစစ်ရှောင်စခန်းရှိရာ လိုဘာခိုကျေးရွာမှာ မနေ့က စစ်လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခံရတယ်လို့ စစ်ပြေးဒုက္ခသည်တွေကို အကူအညီပေးနေသူတဦးကပြောပါတယ်။

"လေကြောင်း တိုက်ခိုက်တာ သူတို့က ကြုံတွေ့နေရတဲ့ အခါကျတော့ တချို့စစ်ဘေးရှောင် အနေအထားဆိုရင်လည်း သူတို့က ဒီစိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ဆိုလည်း စိုးရိမ်မှုတွေ ခြောက်ခြားတာ အဲ့လိုမျိုးတွေပေါ့။ နောက်ပြီး မနေ့ မနက်ခါကျတော့ စစ်ရှောင်အများဆုံးရှိတဲ့ ဒီလိုဘာခိုကျေးရွာမှာလည်း လိုဘာခိုစစ်ရှောင်စခန်းမှာလည်း မနက်ပိုင်းက စစ်ကောင်စီက လေယာဉ်နဲ့ လာကြဲတော့ အဲ့မှာ ရန်းရင်းဆန်ခတ်ဖြစ်ကုန်တယ်။ အဲ့မှာလည်း တဆင့် ထပ်ရွှေ့ရတာ လူအများကြီးပါပဲ အခု ဒီစစ်ရှောင်အခြေအနေက အင်မတန်မှ ခက်ခဲတဲ့ အခြေအနေပေါ့နော်။"

ရှမ်း-ကယားနယ်စပ် မိုးဗြဲနယ်နဲ့ ဒီးမော့ဆိုနယ်က စစ်မြေပြင်ဖြစ်ခဲ့တဲ့ဒေသတွေမှာ စစ်ကောင်စီတပ်တွေက နေရာအတော်များများ တပ်စွဲချထိုင်ပြီး စစ်ကြောင်းလှုပ်ရှားနေတာလို့ ဒေသခံတွေက ပြောပါတယ်။

ဒီလိုအခြေအနေမှာ စစ်ပြေး ဒုက္ခသည်တွေဟာ နေရပ်ရင်းတွေမပြန်နိုင်ကြဘဲ ထွက်ပြေးတိမ်းရှောင်နေရလို့ နေထိုင်စားသောက်မှု ပိုခက်ခဲလာနေတယ်လို့ မိုးဗြဲဒေသ စစ်ပြေးဒုက္ခသည်တဦးက ပြောပါတယ်။

"အဝတ်အစားတွေ ဘာတွေဆိုလည်း သိပ်မသယ်နိုင်ကြဘူးလေ။ နေထိုင် ကလည်း တောထဲမှာ အိပ်ရတာတို့ လယ်တဲထဲမှာ အိပ်ရတာတို့ပေါ့နော်။ ပြီးရင် အေးတဲ့ ရာသီဖြစ်တဲ့အခါကျတော့ အနွေးထည်တွေ၊ စောင်တွေ၊ နောက်ပြီးတော့ စားဖို့ သောက်ဖို့ကလည်း ရှိတာလေးနဲ့ ပါလာနိုင်သလောက်ပဲ စားသောက်နေရတဲ့ခါကျတော့ တရက် နှစ်ရက်လောက်ပဲ ခံမယ်။ နောက်ပိုင်းတော့ တော်တော်လေး အခက်အခဲတာပေ့ါ။ မှုစားနေရတဲ့ အခြေအနေ ကိုယ်ရှိတာလေးနဲ့ သူရှိတာလေးနဲ့ အဲ့လိုမျိုးပေါင်းပြီးတော့ ချက်စားနေရတာပေ့ါ။"

ရှမ်း-ကယားနယ်စပ် မိုးဗြဲမြို့နယ် အနောက်ဘက်ခြမ်းမှာ အသက်ကြီးရင်းသူနဲ့ ကလေးသူငယ်အပါအဝင် စစ်ပြေးဒုက္ခသည်အရေအတွက် တသောင်းကျော်ရှိတယ်လို့သိရပါတယ်။ အများစုက ဘေးလွတ်ရာ ဆွေမျိုးအိမ်၊ စာသင်ကျောင်း၊ ဘုရားကျောင်းနဲ့ တောတောင်တွေထဲမှာ ဖြစ်သလို နေထိုင်နေကြရပါတယ်။

[https://burmese.voanews.com/a/myanmarviolence-myanmarmilitarycoup-kayahfighting-voaburmese-မုိးၿဗဲ-စစ္ေျပးဒုကၡသည္-စစ္ေကာင္စီတပ္-ရွမ္း-ကယားနယ္စပ္-ဒီးေမာ့ဆို-ဗိြုအိုေအ/6462670.html](https://burmese.voanews.com/a/myanmarviolence-myanmarmilitarycoup-kayahfighting-voaburmese-မုိးၿဗဲ-စစ္ေျပးဒုကၡသည္-စစ္ေကာင္စီတပ္-ရွမ္း-ကယားနယ္စပ္-ဒီးေမာ့ဆို-ဗိြုအိုေအ/6462670.html)

-----------------------------------------------------------------------------------------------------

## ဒီးမော့ဆိုရှိ စစ်ရှောင်များ နေထိုင်ရာ လိုဘာခိုရွာအား လေယာဉ်ဖြင့် ဗုံးကြဲ

By ဧရာဝတီ | 28 February 2022

ကရင်နီပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်အတွင်း စစ်ဘေးရှောင်များစွာ နေထိုင်နေသည့် လိုဘာခိုကျေးရွာကို ယမန်နေ့ ဖေဖော်ဝါရီလ ၂၇ ရက် မနက်ပိုင်းက စစ်ကောင်စီက လေယာဉ်ဖြင့် ဗုံးကြဲမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်များ ဗုံးစ စင်၍ ပျက်စီးမှုများရှိခဲ့ပြီး စစ်ဘေးရှောင်ပြည်သူ ၃ ထောင်နီးပါးမှာ ထပ်မံ၍ ဘေးလွတ်ရာ တောတောင်များသို့ ရှောင်တိမ်းနေရကြောင်း ကရင်နီပြည် စစ်ဘေးရှောင် ကူညီစောင့်ရှောက် ရေး ကွန်ရက်က ပြောသည်။

ကရင်နီပြည် စစ်ဘေးရှောင် ကူညီစောင့်ရှောက်ရေး ကွန်ရက်က "ဗုံးကြဲတာကတော့ မနေ့က မနက်ပိုင်း ၆ နာရီဝန်း ကျင်လောက်က လိုဘာခိုဆိုတဲ့ ရွာကိုပေါ့။ အဲဒီမှာ များသောအားဖြင့် စစ်ရှောင်က ဒီးမော့ဆိုကနေ လာတဲ့သူက များ တယ်။ အထိအခိုက်တော့ မရှိဘူး။ အိမ်တအိမ်ကို လက်နက်ကြီး ထိခဲ့တာတော့ ရှိတယ်။ ဗုံးကြဲပြီး နာရီပိုင်းလောက်မှာ စစ်ရှောင်တွေက စိုးရိမ်ထိတ်လန့်စွာနဲ့ ရွှေ့ကြတာ။ လူဦးရေကတော့ ၂ ထောင်နဲ့ ၃ ထောင် ကြားမှာ ရှိတယ်" ဟု ပြော သည်။

အဆိုပါ လိုဘာခိုကျေးရွာမှာ ဒီးမော့ဆိုမြို့၏ အနောက်ဘက်ခြမ်းတွင်ရှိပြီး ဒီးမော့ဆိုမှ စစ်ရှောင်အများစု လာရောက် ခိုလှုံရာ နေရာတခုဖြစ်၍ ယခုကဲ့သို့ စစ်ကောင်စီမှ လာရောက် ဗုံးကြဲခြင်းကြောင့် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ ရှိကြောင်း သိရသည်။

"ကျနော်တို့ ပြေးစရာ မြေ မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ ပြည်နယ်က သေးသေးလေး သူတို့က အဆမတန် များတဲ့ အင်အားနဲ့ ထိုးစစ်ဆင်လာတယ်။ မနိုင်ရင် ဗုံးကြဲတယ်။ အခု ပြေးပြေးဆိုတော့ ဘယ်ပြေးရမလဲ မသိတော့ဘူး။ လောလောဆယ်တော့ တောထဲတောင်ထဲမှာ နေထိုင်တယ်။ မိုးကာတောင် မမိုးရဲဘူး။ အစိမ်းရောင် မြင်ရင် စစ်ရှောင်စခန်း ဆိုတာ သိပြီး ဗုံးထပ်ကြဲမှာ စိုးလို့။ သစ်ပင်ကြားထဲမှာပဲ နေနေရတယ်" စစ်ဘေးရှောင်ပြည်သူ တဦးက ပြောသည်။

လိုဘာခိုကျေးရွာအနီးတွင် တိုက်ပွဲများဖြစ်ပွားနေခြင်းနှင့် ဒေသခံ ပြည်သူ့ ကာကွယ်ရေး တပ်စခန်းများလည်း ရှိနေခြင်း မရှိဘဲ ရည်ရွယ်ချက်ရှိရှိနှင့် စစ်ဘေးရှောင်ပြည်သူများအား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဒေသခံပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များနှင့် စစ်ဘေးရှောင်ကူညီသူများက ပြောဆိုကြသည်။

"ဒါဟာ လူမဆန်တဲ့ ကိစ္စ၊ စစ်ရှောင်စခန်းတွေကို တမင်တကာ ဗုံးကြဲတာ လူ့အခွင့်အရေး ချိုးဖောက်တာပဲ၊ ဒီမှာက ဘာလက်နက်ကိုင် အဖွဲ့အစည်းမှ မရှိဘူး။ ပြည်သူတွေ သီးသန့်နေပြီးတော့မှ စစ်ရှောင်တာဖြစ်တဲ့အတွက် တမင် တကာ ဗုံးကြဲတာ လုံးဝကန့်ကွက်တယ်။ အခု စစ်ရှောင်တွေ ထပ်ပြီး ရှောင်နေရတယ်။ လေယာဉ်က ကိုယ့်ဆီ ဘယ် တော့ လာကြဲမလဲ မသိဘူး ပြီးတော့ ရှောင်နေတဲ့ အနေအထားကလည်း ရိက္ခာအပြည့်အစုံ မပါလာဘူး။ ဆေးဝါး အလုံအလောက် မရှိဘူး။ ရိက္ခာပို့မယ့်လမ်းကြောင်းတွေလည်း ပိတ်ထားတယ်။ ဖြတ်လေးဖြတ်လည်း လုပ်ထားတယ်" ဟု ကရင်နီပြည် စစ်ဘေးရှောင် ကူညီစောင့်ရှောက်ရေး ကွန်ရက်က ပြောသည်။

စစ်ကောင်စီသည် ကယားပြည်နယ်အတွင်း စစ်ဘေးရှောင်များထံ ရိက္ခာပို့သည့် လမ်းကြောင်းများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်သွားကြောင်း သိရသည်။

လက်ရှိတွင် စစ်ကောင်စီတပ်နှင့် ဒေသခံ ကာကွယ်ရေးတပ်များသည် ဒီးမော့ဆိုမြို့နယ်၏ မြောက်ဘက်နှင့် နန့်မယ်ခုံ ဒေသတဝိုက်တို့တွင် တိုက်ပွဲများဖြစ်ပွားနေပြီး စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြဲခဲ့သည့် လိုဘာခိုကျေးရွာ အနီး တဝိုက်တို့တွင် တိုက်ပွဲများ မရှိခဲ့ကြောင်း ကရင်နီအမျိုးသား ကာကွယ်ရေး တပ်ဖွဲ့မှ သိရသည်။

ကရင်နီ အမျိုးသားများ ကာကွယ်ရေးတပ် (KNDF) က "အဲဒီမှာက ဒီးမော့ဆိုမြို့နဲ့ အဝေးကြီး မိုင်က ၁၀ နဲ့ချီပြီး ဝေး တယ်။ ဗုံးကြဲတယ်ဆိုတာ တမင်သက်သက် လုပ်တယ်လို့ ကျနော်တို့ သုံးသပ်တယ်" ဟု ပြောသည်။

စစ်ကောင်စီမှ ကယားပြည်နယ်အတွင်း ဖရူဆိုမြို့ ရီခီးဘူး စစ်ရှောင်စခန်းကိုလည်း ဇန်နဝါရီလ ၁၇ ရက်က လေယာဉ် ဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့သည့်အတွက် စစ်ရှောင်ပြည်သူ ၃ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ကယားပြည်နယ်တွင် လက်ရှိ စစ်ရှောင်ဦးရေမှာ ၁ သိန်း ၇ သောင်းခန့် ရှိနေကြောင်း စစ်ဘေးရှောင် ကူညီရေးအဖွဲ့ က ပြုစုထားသည့် စာရင်းများတွင် ဖော်ပြထားသည်။

https://burma.irrawaddy.com/news/2022/02/28/250172.html

------------------------------------------------------------------------------------------------

## မြန်မာအကျပ်အတည်းက အာဆီယံကို စိန်ခေါ်နေ

Kavi Chongkittavorn | 28 February 2022

ကမ္ဘောဒီးယားနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ်နှင့် အနာဂတ် ခေါင်းဆောင်များ တာဝန်ယူချိန်အတွင်း မြန်မာအကျပ်အတည်းသည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) ၏ အစီအစဉ်များကို ဆက်လက် လွှမ်းမိုးနေမည် ဖြစ်သော်လည်း လက်ရှိဥက္ကဋ္ဌသည် အဖွဲ့၏ ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအားလုံးတွင် များပြားလှသော စိန်ခေါ်မှုများ ရင်ဆိုင်ရမည်ဆိုသောအချက်ကို မေ့မထားသင့်ပေ။

အများစောင့်မျှော်နေသည့် လွန်ခဲ့သော ရက်များအတွင်း ပြီးစီးခဲ့သော နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက အာဆီယံသည် နီးကပ်စွာ ဆက်စပ်နေပြီး လက်တွေ့ကျသည့် မိသားစုဖြစ်ကြောင်း ထပ်မံပြသလိုက်ပြန်သည်။

ထိုသို့သော စိတ်ဓာတ်မျိုးကို အာဆီယံ ဥက္ကဋ္ဌ၏ ကြေညာချက် ထုတ်ပြန်သောအခါ တွေ့ရခြင်းဖြစ်သည်။ ဥက္ကဋ္ဌသည် နောက်ဆုံးမူကြမ်း၏ စကားလုံးအသုံးအနှုန်းများအတွက် တာဝန်ရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများ အားလုံးအနေဖြင့် အကြံဉာဏ်များပေးရန် ကမ္ဘောဒီးယားက ဖိတ်ခေါ်ပြီး အာဆီယံ ဗဟိုပြုသော ကြေညာချက်တစောင် ထွက်လာသည်ကို အားလုံးတွေ့ကြရသည်။

ကြေညာချက်၏ လေသံမှာ မြန်မာနှင့် မထိတွေ့၊ မဆက်ဆံရေး မဟုတ်ဘဲ ထိတွေ့ဆက်ဆံရေးသာ ဖြစ်သည်။ ဆယ်စုနှစ်တခုနီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ထိုကြေညာချက်၏ မြန်မာနှင့်ပတ်သက်သော အစိတ်အပိုင်းသည် တောင်တရုတ်ပင်လယ် အငြင်းပွားမှုထက် နေရာပိုမိုယူလာသည်။

အာဆီယံဥက္ကဋ္ဌ၏ အပြုအမူနှင့် ပတ်သက်သည့် လွန်ခဲ့သော ၆ ပတ်အတွင်းက ပူညံ့ပူညံ့အသံများသည် လွန်ခဲ့သော သီတင်းပတ်က ဝန်ကြီးများ တွေ့ဆုံသောအခါ ပြေလည်သွားသည်။ သတင်းခေါင်းစဉ်တွင် ပါချင်သောကြောင့် လွန်ခဲ့သောလ အစောပိုင်းက မြန်မာသို့ အာဆီယံဥက္ကဋ္ဌ သွားရောက်လည်ပတ်သည့် ခရီးစဉ်အပါအဝင် လက်ရှိ အားထုတ်မှုအားလုံးကို နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တက်ရောက်သူများ အားလုံးက ထောက်ခံကြောင်း ပြောသည်။ အာဆီယံခေါင်းဆောင်များသည် ဘုံသဘောတူညီချက် ၅ ချက် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်လျှင် ဆက်လက် ညီညွတ်နေဆဲဖြစ်သည်။

လွန်ခဲ့သော သီတင်းပတ်က လူသိရှင်ကြား ပြောကြားခဲ့သော မိန့်ခွန်းတခုတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဟွန်ဆန်သည် မြန်မာအကျပ်အတည်း ပြေလည်စေရန် အာဆီယံဘုံသဘောတူညီချက် ၅ ချက် အကောင်အထည်ဖော်ရေး စစ်ကောင်စီကို ဖျောင်းဖျရန် သူ့အတွက် အလားအလာမကောင်းဟု မြင်နေပုံရပြီး ဥက္ကဋ္ဌတာဝန်ယူပြီး ၂ လပင် မပြည့်မီ မည်သည့်တိုးတက်မှုကိုမဆို လက်လျှော့ထားလိုက်ပြီး ဖြစ်ပုံရနေသည်။

"ကျနော် အာဆီယံဥက္ကဋ္ဌ တာဝန်ယူဖို့က ၁၀ လနဲ့ ၁၄ ရက်ပဲ ကျန်တော့တယ်။ ပြီးရင် ကျနော့်တာဝန် ပြီးဆုံးသွားမယ်" ဟု မစ္စတာ ဟွန်ဆန်က ပြောပြီး "နောက်ဥက္ကဋ္ဌက ဒီပြဿနာကို ဆက်လက် တာဝန်ယူလိမ့်မယ်" ဆိုသည့် သဘောမျိုးပြောကြောင်း RFA သတင်းဌာနက ကိုးကားရေးသားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပရက်ဆိုခွန်းသည် အာဆီယံ အထူးသံတမန်အဖြစ် မြန်မာနိုင်ငံသို့ လာမည့် မတ်လ ဒုတိယပတ်တွင် သွားရောက်လည်ပတ်မည်ဖြစ်သည်။ ဒေသတွင်းနှင့် နိုင်ငံတကာက SAC ဟု ခေါ်သည့် နေပြည်တော်မှ စစ်အာဏာရှင်များ၏ အနာဂတ် အဆင့်အတန်းကို ဆုံးဖြတ်ရာတွင် သူ၏ ခရီးစဉ်ရလဒ်သည် အဓိကကျသည့်အချက် ဖြစ်လာမည်ဖြစ်သည်။

## *အာဆီယံဥက္ကဋ္ဌ၏ အပြုအမူနှင့် ပတ်သက်သည့် လွန်ခဲ့သော ၆ ပတ်အတွင်းက ပူညံ့ပူညံ့အသံများသည် လွန်ခဲ့သော သီတင်းပတ်က ဝန်ကြီးများ တွေ့ဆုံသောအခါ ပြေလည်သွားသည်*

နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ အဖွဲ့ဝင်များသည် မြန်မာအကျပ်အတည်း ဒုတိယမြောက်နှစ်သို့ ဝင်ရောက်လာချိန်တွင် မြန်မာ၏ အဆင့်အတန်းပြဿနာနှင့် နပန်းလုံးရသည်။

လွန်ခဲ့သောအပတ်အတွင်းက သတင်းထောက်တဦးကို ပြောကြားရာတွင် စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှနန်က ရှေ့လာမည့်ရက်များအတွင်း အာဆီယံအဖွဲ့ဝင်များသည် ချောမွေ့အောင်လုပ်ရမည့် 'အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစင်းအကြောင်းများ' ကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကျွမ်းကျင်ပါးနပ်စွာ ပြောသည်။

အာဆီယံခေါင်းဆောင်များ လက်မှတ်ရေးထိုးရမည့် စာရွက်စာတမ်းအချို့ ရှိလာမည်ဖြစ်သည်။ မကြာခဏ အမေးဆုံး ပြဿနာမှာ မြန်မာနိုင်ငံကိုယ်စား မည်သူလက်မှတ်ထိုးမည်နည်း ဆိုသည့် ပြဿနာပင်ဖြစ်သည်။

ပြဿနာနှင့် ထိုသို့ရင်ဆိုင်ရသည့် ပထမဆုံးစာရွက်စာတမ်းမှာ အရှေ့တောင်အာရှတွင်း ချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (TAC) ဖြစ်သည်။ ဒိန်းမတ်၊ ဂရိ၊ နယ်သာလန်၊ အိုမန်၊ ကာတာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ ပါဝင်သည့် နိုင်ငံပေါင်း ၆ နိုင်ငံကို လေ့လာသူနိုင်ငံများအဖြစ် တရားဝင်အသိအမှတ်ပြုရန် လုပ်ငန်းအားလုံး ပြီးစီးရေးအတွက် ဝင်ခွင့် စာချုပ်စာတမ်းကို နိုင်ငံခြားရေးဝန်ကြီး ၁၀ ဦးလုံးက လက်မှတ်ရေးထိုးရန် လိုသည်။

အာဆီယံသည် ယခင်အစည်းအဝေးများတွင် စစ်ကောင်စီကိုယ်စားလှယ်ကို ဖိတ်ကြားခြင်းမပြုဘဲ နိုင်ငံရေးရာထူး မရှိသူကိုသာ ကိုယ်စားပြုခွင့်ပေးခဲ့သည်။ မြန်မာသည် နိုင်ငံရေးရာထူး မရှိသူဖြင့် ကိုယ်စားပြုခြင်းကို လက်ရှိအချိန်အထိ ငြင်းဆိုထားသည်။

အချို့ အာဆီယံအဖွဲ့ဝင်များက မြန်မာကိုယ်စား နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် လက်မှတ်ထိုးခြင်းကို ခွင့်ပြုလိုသော်လည်း ထိုသို့လုပ်လျှင် ကျန်အဖွဲ့ဝင်များက ထိုဝန်ကြီး လက်မှတ်သည် စစ်ကောင်စီနှင့် ၎င်း၏လုပ်ရပ်များကို တရားဝင်ခွင့်ပေးခြင်း မဟုတ်ကြောင်း အတိအလင်းပြောသည့် ပူးတွဲ

ကြေညာချက်တစောင် ထပ်မံထွက်ပေါ်လာရန်သာ ရှိနေသည်။ ထိုပြဿနာများသည် အာဆီယံအနေဖြင့် ရင်ဆိုင်နေရသော သိမ်မွေ့လှသည့် ပြဿနာများသာ ဖြစ်သည်။

***နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ အဖွဲ့ဝင်များသည် မြန်မာအကျပ်အတည်း ဒုတိယမြောက်နှစ်သို့ ဝင်ရောက်လာချိန်တွင် မြန်မာ၏ အဆင့်အတန်းပြဿနာနှင့် နပန်းလုံးရသည်***

လာမည့် ရက်သတ္တပတ် အနည်းငယ်အတွင်း စစ်ကောင်စီသည် ၎င်းတို့အနေဖြင့် ရှေ့ဆက် ထောက်ခံမှုများ ရရှိရေးအတွက် ဘုံသဘောတူညီချက် ၅ ချက် အကောင်အထည်ဖော်ရာတွင် ခိုင်မာ လုံလောက်သော တိုးတက်မှုများရှိကြောင်း ပြသရမည်ဖြစ်သည်။

ထိုသို့လုပ်ဆောင်ခြင်းမရှိက သက်တမ်းရင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အဓိက ဆွေးနွေးဘက် နိုင်ငံများအကြားတွင် ကြီးမားသော စိတ်သဘောထား ပြောင်းလဲမှုများ ဖြစ်လာမည်ဖြစ်သည်။ အထူးသဖြင့် ဝါရှင်တန်သည် အာဆီယံက မြန်မာကို ကိုင်တွယ်သည့် ပုံစံကို အနီးကပ်စောင့်ကြည့်နေသည်။ ထိုအချက်သည် ဝါရှင်တန်တွင် ကျင်းပရန် စီစဉ်ထားသည့် အာဆီယံ-အမေရိကန် အထူးထိပ်သီးဆွေးနွေးပွဲရက်ကို အမေရိကန်ပြည်ထောင်စုက မည်သည့်အတွက် ဆက်တိုက် ရွှေ့ဆိုင်းနေရသည် ဆိုသည့် အကြောင်းရင်းများအနက် တခုဖြစ်နိုင်သည်။

ယခုအခါ ထိုထိပ်သီးဆွေးနွေးပွဲကို လာမည့် မတ်လတွင် ကျင်းပမည်ဟု အိမ်ဖြူတော်က အတည်ပြုသော်လည်း ရက်စွဲကို မကြေညာသေးပေ။

လက်တွေ့တွင် ထိုထိပ်သီးဆွေးနွေးပွဲသည် ကမ္ဘာ့ကျန်နိုင်ငံများအနေဖြင့် စစ်ကောင်စီနှင့် ၎င်း၏ အကြီးမားဆုံးရန်သူ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) တို့၏ အနာဂတ်ကို ခန့်မှန်းနိုင်စေမည် ဖြစ်သည်။ အမေရိကန် ကွန်ဂရက်က NUG ကို အမေရိကန် အစိုးရအနေဖြင့် အသိအမှတ်ပြုရန် ဖိအားပေးနေသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကျင်းပသည့် အင်ဒိုပစိဖိတ်ဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ မြန်မာကို ဖိတ်ကြားခြင်း မပြုသကဲ့သို့ပင် မြန်မာသည် ဝါရှင်တန်ဒီစီတွင် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲသို့ ဖိတ်ကြားခြင်း မခံရသည့် တခုတည်းသောနိုင်ငံ ဖြစ်လာမည်မှာ သေချာနေသည်။

***ပါရီမြို့တွင် ကျင်းပသည့် အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ မြန်မာကို ဖိတ်ကြားခြင်း မပြုသကဲ့သို့ပင် မြန်မာသည် ဝါရှင်တန်ဒီစီတွင် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲသို့ ဖိတ်ကြားခြင်း မခံရသည့် တခုတည်းသောနိုင်ငံ ဖြစ်လာမည်မှာ သေချာနေသည်။***

မစ္စတာ ပရက်ဆိုခွန်း၏ စီစဉ်ထားသော ခရီးစဉ်အတွင်း သိသာသော တိုးတက်မှု မရရှိပါက၊ အထူးသဖြင့် အကြမ်းဖက်မှု ရပ်ဆိုင်းရေး၊ ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံခွင့်ရရေး၊ လူသားချင်းစာနာမှု အကူအညီပေးမည့် နေရာများသို့ သွားရောက်ခွင့်ရရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် အချိန်ဇယားတို့ကို မရပါက မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့အတွင်း အဆင့်အတန်းသည် လာမည့် ရက်သတ္တပတ်များအတွင် ထပ်မံပြောင်းလဲနိုင်သည်။

ထို့အပြင် ယခုအကြိမ်တွင် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများသည် အာဆီယံ အထူးသံတမန်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စ နိုလင်းဟေဇာနှင့် တွေ့ဆုံဆွေးနွေးရန် အားပေးနေကြသည်။

မြန်မာအကျပ်အတည်း ဆက်လက်ရှိနေသမျှ အာဆီယံသည် ပိုမိုများပြားသော အကျပ်အတည်းများကိုသာ ဆက်လက်ရင်ဆိုင်နေရမည် ဖြစ်သည်။

(Kavi Chongkittavorn ၏ Myanmar Impasse Challenges ASEAN ကို ဘာသာပြန်ဆိုသည်။ Kavi Chongkittavorn သည် ဒေသတွင်းရေးရာ ဝါရင့်သတင်းစာဆရာတဦးဖြစ်သည်။)

https://burma.irrawaddy.com/opinion/viewpoint/2022/02/28/250170.html

-----------------------------------------------------------------------------------------

## ယူကရိန်း-ရုရှား စစ်ပွဲဆိုင်ရာ စစ်ကောင်စီ အရေးပေါ်စည်းဝေး

By ဧရာဝတီ | 28 February 2022

အရှေ့ဥရောပတွင် ဖြစ်ပွားနေသော ယူကရိန်း-ရုရှား စစ်ပွဲနှင့်ပတ်သက်၍ အရေးပေါ်အစည်းအဝေးတရပ်ကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် နေပြည်တော်၌ အာဏာသိမ်း မြန်မာစစ်ကောင်စီက ပြုလုပ်ခဲ့ကြောင်း ဧရာဝတီ၏ သတင်းရင်းမြစ်များက ပြောသည်။

အစည်းအဝေးတွင် ယူကရိန်း-ရုရှား စစ်ပွဲကြောင့် မြန်မာအပေါ်မည်သည့် အကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်သည်ကို အဓိကထားဆွေးနွေးခဲ့ကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်တဦးက ဆိုသည်။

အစည်းအဝေး၌ ရုရှားကဲ့သို့ မြန်မာနိုင်ငံကို ကျူးကျော်လာနိုင်ခြေရှိသည့် နိုင်ငံမှာမှာ အိမ်နီးချင်း တရုတ်နိုင်ငံ ဖြစ်သည်ဟု စစ်ကောင်စီဘက်က ယူဆကြောင်း သိရသည်။

ပုံမှန်အခြေအနေတွင် တရုတ်နိုင်ငံက မြန်မာကို ကျူးကျော်မည်မဟုတ်သော်လည်း ပြည်သူ့ကာကွယ်ရေးတပ် (PDF) များက တရုတ်အကျိုးစီးပွားအပေါ် တိုက်ခိုက်လာမှုများပြုလုပ်လာသည့်နောက် ယင်းတိုက်ခိုက်မှုများအား မြန်မာစစ်တပ်က မကာကွယ်နိုင်ပါက ဝင်ရောက်ကျူးကျော် လာနိုင်ခြေရှိနေကြောင်း စစ်ကောင်စီက သုံးသပ်သည်။

ထို့ကြောင့် တရုတ်နိုင်ငံသို့ သွယ်တန်းထားသည့် ရေနံနှင့် ဓာတ်ငွေ့ ပိုက်လိုင်းအပါအဝင် တရုတ်အတွက် အရေးကြီးသည့် အကျိုးစီးပွားရှိသည့်နေရာများ၌ မြန်မာစစ်တပ်အင်အားကို လက်ရှိထက် ပိုတိုး၍ ချထားရန် လိုအပ် ကြောင်း အစည်းအဝေးတွင် စစ်ကောင်စီက ဆုံးဖြတ်ခဲ့သည်ဟု အမည်မဖော်လိုသည့် သတင်းရင်းမြစ်က ရှင်းပြသည်။

ရုရှားနိုင်ငံသည် သမ္မတပူတင်၏ အမိန့်ဖြင့် ယူကရိန်းနိုင်ငံကို ဖေဖော်ဝါရီလ ၂၄ ရက်မှ စတင်ကာ ကြည်း၊ ရေ၊ လေ ပူးပေါင်းအင်အားဖြင့် ကျူးကျော်စစ်ဆင်နွှဲနေခြင်းဖြစ်ပြီး အဆိုပါ ကျူးကျော်စစ်ကို မြန်မာစစ်ကောင်စီက ထောက်ခံကြောင်း စစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက VOA သတင်းဌာနသို့ ပြောဆိုထားသည်။

"နံပတ် ၁ ဒီကိစ္စကတော့ ရုရှားနိုင်ငံအနေနဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေဖို့ လုပ်ဆောင်ခဲ့တဲ့၊ လုပ်ဆောင်သင့်တဲ့ လုပ်ဆောင်ချက်လို့ပဲ မြင်ပါတယ်။ နံပါတ် ၂ အနေနဲ့ကတော့ ရုရှားနိုင်ငံအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းညှိထားတဲ့ ကမ္ဘာ့ချိန်ခွင်လျှာညီမျှရေးမှာ အင်အားကြီးနိုင်ငံတခုအဖြစ် ရပ်တည်လျက်ရှိကြောင်း ကမ္ဘာကိုပြသခြင်းလို့ မြင်ပါတယ်" ဟု ၎င်းက ပြောဆိုသည်။

တရုတ်နိုင်ငံကမူ ဖေဖော်ဝါရီလ ၂၅ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြုလုပ်သည့် ယူကရိန်းသို့ ကျူးကျော်နေသော ရုရှားတပ်များအား ရှုတ်ချကြောင်း ဆုံးဖြတ်ချက်မူကြမ်းကို အိန္ဒိယ၊ UAE (အာရပ်စော်ဘွားများပြည်ထောင်စု) နိုင်ငံတို့နှင့်အတူ မဲမပေးဘဲ ကြားနေအဖြစ် ရပ်တည်ခဲ့သည်။

မြန်မာနိုင်ငံတွင် တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း အပါအဝင် တရုတ်- မြန်မာစီးပွားရေး စင်္ကြံန်စီမံကိန်းများလည်း အကောင်အထည်ဖော်ရန် ရှိနေသည့်အပြင် မြန်မာပြည်မြောက်ပိုင်းအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်၏ ဩဇာရှိနေသည်။

ထိုကဲ့သို့သော အခြေအနေတွင် အာဏာသိမ်းမြန်မာစစ်ကောင်စီဘက်က အရေးပေါ်အစည်းအဝေးတရပ်ပြုလုပ်ကာ ယူကရိန်း-ရုရှားစစ်ပွဲ ဂယက်ကြောင့် တရုတ်၏ လှုပ်ရှားနိုင်ခြေကို စဉ်းစားလာခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာစစ်ကောင်စီနှင့် ခိုင်မာသည့် ဆက်ဆံရေး ရှိသည်ဆိုသည့် ရုရှားသည် ယူကရိန်းအပေါ် ကျူးကျော်စစ် ကြောင့် အနောက်နိုင်ငံအများစု၏ ပိတ်ဆို့ ဒဏ်ခတ်မှုကို ခံနေရပြီဖြစ်သည်။

ကျူးကျော်စစ်ဆင်နွှဲသည့် ရုရှားနှင့် ဘယ်လာရုစ်ကို ဥရောပသမဂ္ဂ (EU) က အရေးယူပိတ်ဆို့မှုများကြေညာထားပြီး ရုရှားပုဂ္ဂလိကပိုင်နှင့် စင်းလုံးငှားလေယာဉ်များအပါအဝင် ရုရှားလေယာဉ်များအားလုံး ဆင်းတက်ခြင်း၊ ဖြတ်သန်းခြင်းများအား ဖေဖော်ဝါရီလ ၂၇ ရက်ကတည်းက ပိတ်ပင်ခဲ့သည်။

UK နိုင်ငံကလည်း ရုရှား ဗဟိုဘဏ်အပါအဝင် ရုရှားအမျိုးသားဓနရန်ပုံငွေနှင့် ရုရှားဘဏ္ဍာရေး ဝန်ကြီးဌာနတို့အား ဖေဖော်ဝါရီလ ၂၈ တွင် အရေးယူပိတ်ဆို့လိုက်ကြောင်း CNN သတင်းအရသိရသည်။

ထို့အပြင် အမေရိကန်၊ ကနေဒါနှင့် EU တို့ကလည်း ရုရှားကို နိုင်ငံတကာဘဏ်စနစ်မှ ဖယ်ထုတ်ရန် ကြိုးပမ်းသည့်အနေနှင့် ကမ္ဘာတဝန်း ဘဏ်အချင်းချင်း ဆက်သွယ် ငွေပေးချေသည့် စနစ် (SWIFT) ကွန်ရက်ထဲမှလည်း ရုရှား ဘဏ်တချို့အား ဖြတ်တောက်ပစ်ရန် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ အရေးယူပိတ်ဆို့မှုများကြောင့် ရုရှငွေ ရူဘယ် တန်ဖိုးမှာ တဟုန်ထိုး ကျဆင်းနေသည်။

ထို့ကြောင့် ရုရှားတွင် ဘဏ်အကောင့်များဖွင့်ထားပြီး ပိုင်ဆိုင်မှုများလည်း ရှိနေသော မြန်မာစစ်ဗိုလ်ချုပ်များအပါအဝင် စစ်သုံးလက်နက်များ ဝယ်ပေးနေသည့် မြန်မာခရိုနီများက အထူးစိုးရိမ်နေကြကြောင်း ဧရာဝတီက ကြားသိရသည်။

https://burma.irrawaddy.com/news/2022/02/28/250189.html

-----------------------------------------------------------------------------------------------

## တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို မတ်လ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်ထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း ကြေညာချက် ထုတ်ပြန်

PUBLISHED 28 FEBRUARY 2022

တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို မတ် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ဖေဖော်ဝါရီ ၂၈ ရက်တွင် ကြေညာချက် ထုတ်ပြန်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် “တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်”ဟု မူဝါဒချထားကြောင်း ၊ ယင်းကြောင့် အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေး နှင့်ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ထို့အပြင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးကြောင်း ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနှင့်အတူတကွ ကျင်းပနိုင်ခဲ့ကြောင်း

အဆိုပါ အခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့တက်ရောက်ခဲ့ပြီး အခမ်းအနားတက်ရောက်စဉ် ကာလအတွင်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို

တည်ဆောက်နိုင်ရေးအတွက်ကျင်းပသည့် ထာဝရငြိမ်းချမ်းရေး အကြိုညှိနှိုင်းဆွေးနွေး ပွဲသို့ တက်ရောက်၍လည်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။

ယင်းအပြင် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက် ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ကြောင်း ၊ ယခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိ ခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်မိန့်ခွန်းတွင်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ယခုနှစ် နှစ်ကုန်ပိုင်းအထိ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ကြောင်း ၊ ယင်းကြောင့်

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်း စဥ်များကိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်း လုံး၌ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဥ်များကို ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့်အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို  ယခုနှစ် မတ် ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

https://news-eleven.com/article/226621

-----------------------------------------------------------------------------------------------

## အာဏာသိမ်းအလွန် မြန်မာစစ်ပွဲ ‘ဝ’ ကနဦး အနိုင်ရနေ

Anthony Davis | 28 February 2022

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှု တနှစ်ပြည့်ချိန်၌ နိုင်ငံတကာ သတင်းမီဒီယာတွင် ပြည်သူလူထု ခုခံမှုနှင့် ထိုခုခံစစ် အနိုင်ရနိုင်ခြေ၊ ဆုံးရှုံးနိုင်ခြေများအား အကြီးအကျယ်ဖော်ပြသည့် သတင်းများက အာရုံကို ခေတ္တဖမ်းစားခဲ့သည်။

ထိုသို့သော ပင်မဇာတ်လမ်း၏ အရိပ်ထိုးခံနေရသည့် တချိန်တည်းတွင် အခြားအဓိကကျသည့် အာဏာအပြောင်းအလဲသည် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းမှ ဝေးကွာသော တောင်တန်းဒေသများတွင် ဖြစ်ပေါ်နေပြီး အလားတူသော ရိုက်ခတ်မှုများ ရှိနိုင်သည်။

စစ်တပ်သည် နိုင်ငံ၏ အလယ်ဗဟိုဒေသများတွင် ပျံ့နှံ့နေသော ပုန်ကန်မှုကို အာရုံစိုက်နေရပြီး မနိုင်ဝန်ကို ထမ်းနေရချိန်တွင် မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အကောင်းဆုံး ဖွဲ့စည်းထားသည့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဖြစ်ပြီး တရုတ်နိုင်ငံဘက်ယိမ်းသော ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) သည် ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) ကို ပြတ်ပြတ်သားသား အသာစီးရနေပြီး အားအင်ချည့်နဲ့သွားစေရန် လုပ်ဆောင်နေသည်။ RCSS သည် ရှမ်းပြည်နယ်၏ ရှုပ်ထွေးလှသော သူပုန်နိုင်ငံရေးတွင် UWSA နှင့် သြဇာပြိုင်အဖွဲ့အစည်းဖြစ်သည်။

*စစ်တပ်သည် နိုင်ငံ၏ အလယ်ဗဟိုဒေသများတွင် ပျံ့နှံ့နေသော ပုန်ကန်မှုကို အာရုံစိုက်နေရပြီး မနိုင်ဝန်ကို ထမ်းနေရချိန်တွင် မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အကောင်းဆုံး ဖွဲ့စည်းထားသည့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဖြစ်ပြီး တရုတ်နိုင်ငံဘက်ယိမ်းသော ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) သည် ရှမ်းပြည်*

*ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) ကို ပြတ်ပြတ်သားသား အသာစီးရနေပြီး အားအင်ချည့်နဲ့သွားစေရန် လုပ်ဆောင်နေသည်။*

RCSS ကို ထိခိုက်ဆုံးရှုံးမှု အများအပြားဖြစ်စေပြီးနောက် UWSA သည် ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းတွင် စစ်ရေးနှင့် နိုင်ငံရေးသြဇာ ကြီးထွားလာအောင် လုပ်ရန်နှင့် ဒေသတွင်းမှ ကြီးထွားနေသော မူးယစ်ဆေးဝါး လုပ်ငန်းတွင် လွှမ်းမိုးချုပ်ကိုင်သည့် အခန်းကဏ္ဍကို ကျစ်လစ်သိပ်သည်းအောင် လုပ်ရန် ရည်ရွယ်နေပုံရပြီး သစ်လွင်ကာ ပထဝီအရ တဆက်တစပ်တည်းရှိသော 'ဝ' ပြည်နယ်ကို ထူထောင်ရန် အလားအလာ ကောင်းနေပုံရသည်။

နောက်ဆုံးတွင် တစုတစည်းတည်းရှိသော 'ဝ' အုပ်ချုပ်သည့်ဒေသတခု ပေါ်ပေါက်လာသော ပထဝီနိုင်ငံရေး သက်ရောက်မှုများသည် လွန်စွာပြင်းထန်လိမ့်မည် ဖြစ်သည်။ ချက်ခြင်း ဖြစ်ပေါ်လာမည့် သက်ရောက်မှုမှာ ထိုင်းနိုင်ငံနယ်စပ်သို့ တရုတ်သြဇာနှင့် တိုက်ရိုက် သယ်ယူပို့ဆောင်ရေး အဆက်အသွယ်ကို ဖြစ်ပေါ်လာစေမည် ဖြစ်သည်။

အလားတူ အကျိုးဆက် ကြီးမားသော ကိစ္စတခုမှာ အသစ်ပေါ်ပေါက်လာသည့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများသည် ၎င်းတို့၏ အတွင်းရေးရာများတွင် ပိုမိုကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထူထောင်ရန် ကြိုးစားလာသောကြောင့် ဖက်ဒရယ်ထက် ပိုမိုလျော့နည်းသည့် မြန်မာ၏ ကွန်ဖက်ဒရိတ်အနာဂတ်ကို ပုံပေါ်လာစေမည်ဖြစ်သည်။

**တစထက်တစ အင်အားကြီးထွားနေသော 'ဝ'**

ပြောင်းလဲနေသည့် တိုင်းရင်သား လက်နက်ကိုင်အဖွဲ့များသည် နယ်မြေ၊ ကုန်သွယ်ရေးလမ်းကြောင်း၊ စစ်အင်အားနှင့် နိုင်ငံရေးသြဇာကိုကြီးထွားစေသည့် မူးယစ်ဆေးဝါးမှောင်ခိုမှုတို့ကို ထိန်းချုပ်ခွင့်အတွက် ၎င်းတို့ အချင်းချင်းသာမက မြန်မာစစ်တပ်နှင့်ပါ တိုက်ခိုက်နေသောကြောင့် ၁၉၆၀ ပြည့်နှစ်များမှ စတင်ပြီး ရှမ်းပြည်နယ်သည် မင်းမဲ့စနစ်အတွင်း တဖြည်းဖြည်း ကျဆင်းနေသည်။

သို့သော် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း၌ ဒေသတွင်း အာဏာတွင် ပြိုင်ဘက်ဖြစ်နေသော လမ်းကြောင်းနှစ်ခု ပေါ်ပေါက်လာခြင်းကို ကြုံတွေ့ရပြီး ဖရိုဖရဲရောနှော ရှုပ်ထွေးသောနေရာတွင် လိုက်လျောညီထွေသော အစီအမံတခု ဖြစ်ပေါ်လာသည်။

***အတွေးအခေါ် ဒေဝါလီခံရသည့် ကွန်မြူနစ်ပါတီ ပြိုကွဲပြီး ၎င်းတို့အုပ်စု စတင်ပေါ်ပေါက်လာသည့် စစ်တပ်နှင့် အပစ်အခတ်ရပ်စဲမှုကို စခဲ့သည့် ၁၉၈၉ ခုနှစ်ကတည်းက ပြည်နယ်တခုလုံးမှ လူဦးရေ ၆ သန်းအနက် ၇ သိန်း မကျော်သော တောင်ပေါ်တိုင်းရင်းသား 'ဝ' တို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုန်နှစ်ခုတွင် လုံခြုံရေးဒေသများ တည်ဆောက်ကြသည်။***

ပိုမိုအရေးပါသော လမ်းကြောင်းသည် UWSA ၏ လမ်းကြောင်းဖြစ်သည်။ အတွေးအခေါ် ဒေဝါလီခံရသည့် ကွန်မြူနစ်ပါတီ ပြိုကွဲပြီး ၎င်းတို့အုပ်စု စတင်ပေါ်ပေါက်လာသည့် စစ်တပ်နှင့် အပစ်အခတ်ရပ်စဲမှုကို စခဲ့သည့် ၁၉၈၉ ခုနှစ်ကတည်းက ပြည်နယ်တခုလုံးမှ လူဦးရေ ၆ သန်းအနက် ၇ သိန်း မကျော်သော တောင်ပေါ်တိုင်းရင်းသား 'ဝ' တို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုန်နှစ်ခုတွင် လုံခြုံရေးဒေသများ တည်ဆောက်ကြသည်။

သံလွင်မြစ်အရှေ့ဘက်ခြမ်း တရုတ်နယ်စပ်တလျှောက်ရှိ ကြမ်းတမ်းသော ဒေသဖြစ်သည့် တရားဝင် အသိအမှတ်ပြုထားသော အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (SAD) သည် ပိုမိုကျယ်ပြန့်သည်။ တောင်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ထိုင်းနယ်စပ်မှ ပိုမိုသေးငယ်သောဒေသသည် မြောက်ပိုင်းမှ 'ဝ' စစ်သားများနှင့် အရပ်သားအခြေချသူများက လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုက သိမ်းပိုက်ထားသောဒေသ ဖြစ်သည်။

ဘိန်းဖြူနှင့် မက်သာဖက်တမင်း ထုတ်လုပ်မှုအပေါ် အခြေခံသော ကျယ်ပြန့်လှသည့် စီးပွားရေး အင်ပါယာကြီးမှ ဘဏ္ဍာရေး စီးဆင်းမှုသည် စီးပွားရေးတိုးတက်မှု အတွက်သာမက စစ်ရေးအင်အားအတွက်လည်း အရေးပါသည်။

၂၀၁၄ ခုနှစ်ခန့်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခဲယမ်းများဖြင့် 'ဝ' တို့သည် မြန်မာစစ်တပ်၏ ရည်မှန်းချက်ကြီးစွာဖြင့် တချိန်က အဆင်ပြေသလို ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေး အစီအစဉ်များကို ပြန်လည် ရုတ်သိမ်းပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို ၎င်းတို့၏ ဗဟို ထိန်းချုပ်မှုအောက်တွင် ထားရှိရန်ကြိုးစားမှုအား စစ်အင်အားဖြင့် ထိထိရောက်ရောက် တားဆီးနိုင်ခဲ့သည်။




'ဝ' ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ထိန်းချုပ်နယ်မြေကို လိမ္မော်ရောင်ချယ်ပြထားသည်

ခေတ်မီအောင်ပြုလုပ်ထားပြီး လက်နက်ပြန်လည် တပ်ဆင်ထားသော UWSA သည် ကောင်းစွာ လေ့ကျင့်ထားပြီး တရုတ်ခေတ်သစ်လက်နက်များ တပ်ဆင်ထားသည့် အမြဲတမ်း စစ်သား ၃၀,၀၀၀ ခန့်ကို ဖြန့်ကျက်ထားကာ ရှေ့တန်းကာကွယ်ရေး မူဝါဒဖြင့် မြန်မာစစ်တပ် ရှေ့တက်မလာနိုင်အောင် ကြိုးစားသည်။

ရှေ့တန်းကာကွယ်ရေး မူဝါဒဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နယ်စပ်များ၏ သံလွင်မြစ် အနောက်ဘက်တွင် မြန်မာစစ်တပ်နှင့် တိုက်ပွဲများ ဖြစ်ပွားနေသည့် မဟာမိတ် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကို လက်နက်ခဲယမ်းနှင့် သင်တန်းများ ပေးခြင်းကို ဆိုလိုသည်။

၂၀၂၁ ခုနှစ်တွင် စစ်တပ်က အကဲဖြတ် မှားယွင်းစွာ အာဏာသိမ်းပြီးနောက် UWSA ရှေ့တန်း ကာကွယ်ရေးသည် ရှေ့တန်းထိုးစစ်ဆင် တိုက်ခိုက်ရေးများ ပိုမိုဖြစ်လာကြသည်။

**အဓိက မဟာမိတ် ၃ ဖွဲ့**

မကြာသေးမီလများအတွင်း အဓိကကျသည့် 'ဝ' မဟာမိတ် ၃ ဖွဲ့သည် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ SAD ထဲမှ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို သုံးကာ မြန်မာစစ်တပ်ကို စစ်ဆင်ရေးများ အရှိန်မြှင့်တင်လာသည်။

ပြည်နယ်၏ အရှေ့မြောက်ဘက်စွန်း ကိုးကန့်ဒေသအနီးတွင် ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) ၁၉၈၉ ခုနှစ်တွင် ပြိုကွဲစဉ်က ကွဲထွက်လာသည့် အုပ်စုခွဲတခုဖြစ်သော မြန်မာတိုင်းရင်းသားများ ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (MNDAA) သည် 'ဝ' ကဲ့သို့ တရုတ်ယိမ်း တိုင်းရင်းသားအုပ်စုများ ကိုးကန့်အမိမြေတွင် ထိန်းချုပ်မှု ပြန်လည်ထူထောင်ခြင်းမှ တားဆီးရန် ကြိုးစားနေသော စစ်ကောင်စီတပ်များနှင့် ပြင်းထန်ရှည်ကြာသော တိုက်ပွဲများ ဖြစ်ပွားနေသည်။

***'ဝ' ဦးဆောင်သည့် မဟာမိတ်စနစ်တွင် ပိုမိုအရေးကြီးသည်မှာ ၎င်းတို့သည် ယခင်က CPB ၏ အစိတ်အပိုင်း မဟုတ်သည့် အဖွဲ့နှစ်ဖွဲ့ဖြစ်သည်။ ယနေ့တွင် ၎င်းတို့၏ ရည်မှန်းချက်များသည် ကိုးကန့်-တရုတ် MNDAA ထက် များစွာ ပိုမိုကျယ်ပြန့်သည်။ ထို ၂ ဖွဲ့မှာ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် တအာန်း အမျိုးသား လွတ်မြောက်ရေးတပ်ဦး (TNLF) တို့ဖြစ်ပြီး ၎င်းတို့သည် RCSS နှင့် စာရင်းရှင်းရန် ရှိနေသေးသော အဖွဲ့အစည်းများ ဖြစ်သည်။***

'ဝ' ဦးဆောင်သည့် မဟာမိတ်စနစ်တွင် ပိုမိုအရေးကြီးသည်မှာ ၎င်းတို့သည် ယခင်က CPB ၏ အစိတ်အပိုင်း မဟုတ်သည့် အဖွဲ့နှစ်ဖွဲ့ဖြစ်သည်။ ယနေ့တွင် ၎င်းတို့၏ ရည်မှန်းချက်များသည် ကိုးကန့်-တရုတ် MNDAA ထက် များစွာ ပိုမိုကျယ်ပြန့်သည်။ ထို ၂ ဖွဲ့မှာ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် တအာန်း အမျိုးသား လွတ်မြောက်ရေးတပ်ဦး (TNLF) တို့ဖြစ်ပြီး ၎င်းတို့သည် RCSS နှင့် စာရင်းရှင်းရန် ရှိနေသေးသော အဖွဲ့အစည်းများ ဖြစ်သည်။

ရှမ်းပြည်နယ် အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတွင် လှုပ်ရှားသည့် SSPP သည် ရှမ်းတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတခုဖြစ်ပြီး (၁၉၇၀ နှစ်များကပင်) CPB ၏ မဟာမိတ်ဟောင်းဖြစ်ကာ ကွန်မြူနစ် အာဏာကို ရုတ်တရက် အဆုံးသတ်ပစ်လိုက်သည့် 'ဝ' တို့နှင့် အဆက်အသွယ်ရှိသော အဖွဲ့ဖြစ်သည်။ အင်အားလျော့နည်းလာသော SSPP သည် သံလွင်မြစ်အနောက်ဘက်ကမ်းမှ ၎င်းတို့ စခန်းများကို

ဆက်လက်ထိန်းသိမ်းရန်နှင့် ယခင်က ရှေ့သို့တက်လာသည့် မြန်မာစစ်တပ်များနှင့် ယခုပြိုင်ဘက် RCSS ကို မောင်းထုတ်ရန် ‘ဝ’ တို့ထံမှ အကူအညီ တောင်းနေရသည်။



တအာန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တပ်ဖွဲ့ဝင်များ/ဧရာဝတီ

‘ဝ’ တို့နှင့် ဘာသာဗေဒအရနှင့် ယဉ်ကျေးမှုအရ ပိုမိုနီးစပ်သည့် တောင်ပေါ်လူမျိုးဖြစ်သော တအာန်းများသည်လည်း မဟာမိတ်အတွင်းတွင် မကြာသေးမီကမှ ရောက်လာသည့် အဖွဲ့ဝင်ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် တည်ထောင်ခဲ့သော တအာန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) သည် ရှမ်းပြည်နယ် အနောက်မြောက်ပိုင်း လက်ဖက်စိုက်ပျိုးသော တောင်ကုန်းများတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၏ အားပေး ထောက်ခံမှုဖြင့် ပေါ်ပေါက်လာပြီးနောက် မြန်မာစစ်တပ်က အကြီးအကျယ် တိုက်ခိုက်မှုခံရသော အဖွဲ့အစည်းဖြစ်သည်။ သို့သော် ‘ဝ’ တို့ထံမှ စစ်လက်နက်ပစ္စည်းနှင့် သင်တန်းပေးမှု များလာလေလေ တအာန်းတို့ အင်အား ကြီးမားလာလေလေပင် ဖြစ်သည်။ ယခုအခါ ရှမ်းပြည်နယ် မြောက်ပိုင်း အနှံ့အပြားတွင် လှုပ်ရှားနေသည့် တပ်အင်အား အနည်းဆုံး ၈,၀၀၀ အထိ အင်အားတိုးလာသည်။

## ရည်မှန်းချက်ကြီးမားသည့် စစ်ဘုရင်

ပြည်နယ်အတွင်း ဒုတိယ အဓိက အာဏာသည် ရှမ်းအမျိုးသားရေးဝါဒနှင့် ယင်းကို အသုံးပြုမည့် RCSS ခေါင်းဆောင် စဝ်ယွက်စစ်၏ ရည်မှန်းချက်ဖြစ်သည်။

စစ်ဘုရင်တပိုင်း၊ စီးပွားရေးသမား တပိုင်းဖြစ်သော ယွက်စစ်သည် ရှမ်းပြည်တောင်ပိုင်းတွင် ၁၉၉၀ ပြည့်နှစ်များ နှောင်းပိုင်းက ဖြစ်ပွားသည့် ဖရိုဖရဲအခြေအနေများမှ သြဇာကြီးမားလာခြင်းဖြစ်သည်။ ထိုစဉ်က ရှမ်းပြည်မြောက်ပိုင်းမှ ‘ဝ’ တို့ တောင်ပိုင်းသို့ ဆင်းလာပြီး ဘိန်းဘုရင် ခွန်ဆာ၏ တပ်များမှာ ဖိအားကြောင့် ပြိုကွဲရချိန်ဖြစ်သည်။

ထိုင်းနိုင်ငံ မဲဟောင်ဆောင် နယ်စပ် တောင်ထိပ်တခုရှိ ဌာနချုပ်မှတဆင့် ယွက်စစ်သည် ထိုအချိန်မှ စတင်ပြီး ပြည်နယ်အတွင်း အကြီးမားဆုံး တိုင်းရင်းသား လူမှုအသိုက်အဝန်းတွင် ပြန်လည် အင်အားကောင်းလာသည့် အမျိုးသားရေးဝါဒကို ရှေ့တန်းမှ ဆောင်ရွက်ပြီး RCSS ကို ထူထောင်ရန် ကြိုးစားသည်။

ပိုမိုသက်တမ်းရင့်သော အဖွဲ့အစည်းဖြစ်သည့် SSPP တွင် တပ်မှ ထွက်ပြေးခြင်းနှင့် လက်နက်ချခြင်းများကြောင့် အင်အားချည့်နဲ့လာသောအခါ သူသည် မြောက်ပိုင်းကို မျက်စိကျလာသည်။ ထိုဒေသတွင် သူ့ကို လက်ခံနိုင်သော ရှမ်းတိုင်းရင်းသားများ၊ လက်နက်ကိုင် ပုန်ကန်မှုနှင့် ကြီးထွားလာနေသော တရုတ်-မြန်မာ စီးပွားရေး စင်္ကြံအတွက် တရုတ်စီမံကိန်းများ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အကျိုးစီးပွားတို့၏ ဆွဲဆောင်မှု စသည်တို့ ရှိနေသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံသည် ဘေဂျင်း၏ ရပ်ဝန်းနှင့်လမ်းမ အစီအစဉ်အတွက် အရေးပါသည့် အစိတ်အပိုင်းဖြစ်နေသည်။

ထိုင်းနယ်စပ်မှတဆင့် ကီလိုမီတာ ၃၅၀ ခန့်ကွာဝေးသော တရုတ်နယ်စပ်မြို့နယ်များသို့ စစ်အင်အားဖြန့်ကျက်မည့် ယွက်စစ်၏ အာဏာကစားကွက်သည် ဖြစ်နိုင်ခြေနည်းသော်လည်း ကြိုးစားကြည့်သင့်သောကိစ္စ ဖြစ်သည်။

*ယွက်စစ်၏တပ်များသည် မည်သူမျှ မရှိသည့်ဒေသသို့ ပြောင်းရွှေ့ခြင်းလည်း မဟုတ်ပေ။ ပြည်နယ်မြောက်ပိုင်းသည် တအာန်း၊ ကချင်၊ ရှမ်းနှင့် ကိုးကန့်တရုတ် စသည့် တိုင်းရင်းသားတပ်များ အမြစ်တွယ် ပြည့်ကျပ်နေသည့် မင်းမဲ့ဒေသဖြစ်နေပြီးဖြစ်သည်။ ဒေသခံပြည်သူ့စစ်များ ဖွဲ့စည်းပြီး သြဇာထိန်းချုပ်ရန် ကြိုးစားနေသည့် မြန်မာစစ်တပ်ကို ထည့်မပြောသေးပေ။*

သူ၏တပ်များသည် မည်သူမျှ မရှိသည့်ဒေသသို့ ပြောင်းရွှေ့ခြင်းလည်း မဟုတ်ပေ။ ပြည်နယ်မြောက်ပိုင်းသည် တအာန်း၊ ကချင်၊ ရှမ်းနှင့် ကိုးကန့်တရုတ် စသည့် တိုင်းရင်းသားတပ်များ အမြစ်တွယ် ပြည့်ကျပ်နေသည့် မင်းမဲ့ဒေသဖြစ်နေပြီးဖြစ်သည်။ ဒေသခံပြည်သူ့စစ်များ ဖွဲ့စည်းပြီး ဩဇာထိန်းချုပ်ရန် ကြိုးစားနေသည့် မြန်မာစစ်တပ်ကို ထည့်မပြောသေးပေ။



RCSS ခေါင်းဆောင် စဝ်ယွက်စစ်/ဧရာဝတီ

မည်သို့ဆိုစေကာမူ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် နေပြည်တော်နှင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက် ထိုရှမ်းစစ်ဘုရင်က သူ၏မြောက်ပိုင်း နယ်ပယ်ချဲ့ထွင်မှုသည် အနည်းဆုံး မြန်မာစစ်တပ် တပ်မှူးများ၏ သဘောတူညီမှု ရမည်ဖြစ်ကြောင်း ယုံကြည်နေသည်ကို အထင်အရှားတွေ့ရသည်။

မြန်မာစစ်အုပ်စု တပ်မှူးများအမြင်တွင် အင်အားကြီးမားလာသော TNLA ဩဇာကို ၎င်းတို့တပ်များ မသုံးဘဲ RCSS တိုက်ခိုက်ရေးသမားများကို သုံးကာ တိုက်ခိုက်ခြင်းသည် အကုန်အကျသက်သာသော နည်းလမ်းဖြစ်သည်။

ထိုတွက်ကိန်းသည် ခိုင်မာသည်။ သို့သော် ဒေသတွင်း မည်သည့် အငြင်းပွားမှုကိုမဆို ပစ်အားနှင့် သာမန် ရှမ်းပြည်သူများ၏ ထောက်ခံမှုဖြင့် ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ခြင်းသည် သူ့ကိုယ်သူ ဗိုလ်ချုပ်ကြီး ခန့်ထားသော ယွက်စစ်၏ အကြီးအကျယ် အတွက်မှားမှု ဖြစ်သည်။ သူ၏ စီးပွားရေးဗီဇနှင့် နိုင်ငံရေး ရည်မှန်းချက်သည် သူ၏ သေနင်္ဂဗျူဟာအမြင်ထက် များစွာသာလွန်နေသည်။

ပထမဆုံး RCSS တပ်များသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ထရပ်ကားများဖြင့် မြောက်ပိုင်းသို့ ဝင်ရောက်လာသောကြောင့် TNLA နှင့် တိုက်ပွဲများ ဖြစ်ပွားရသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များအတွင်း ထောင်နှင့်ချီသော RCSS တပ်များသည် အနောက်မြောက်ပိုင်းတခွင်တွင် ပျံ့နှံ့သွားသည်။ တိုက်ပွဲငယ်များမှ စစ်ပွဲကြီးများဖြစ်လာပြီး ဒေသတခုလုံးကို ပိုမိုမတည်မငြိမ်ဖြစ်စေကာ RCSS ၏ လူအင်အားနှင့် လက်နက်ခဲယမ်း လိုအပ်ချက် ပိုမိုကြီးမားလာသည်။

သမားရိုးကျ အကဲဖြတ်ချက်များက RCSS တွင် တိုက်ခိုက်ရေးသမား ၁၀,၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။ သူ၏ လွယ်တိုင်းလုံ့ဌာနချုပ်တွင် ယူနီဖောင်းသစ်များ ဝတ်ဆင်ထားသည့် တပ်များဖြင့် ရှမ်းအမျိုးသားနေ့ စစ်ရေးပြပွဲကို ကြီးကျယ်ခမ်းနားစေရန် အနောက်နိုင်ငံများမှ သံတမန်များနှင့် ပြည်နယ်တဝှမ်းမှ ဧည့်သည်တော်များကို ဖိတ်ကြားပြီး စစ်ရေး ပုံရိပ်ကို ယွက်စစ်က ထူထောင်ရန် ကြိုးစားနေခဲ့သည်။

သို့သော် အခမ်းအနားဆန်ဆန် စစ်ရေးပြပွဲသည် ပြဿနာတခုကို ဖုံးကွယ်ထားသည်။ ယွက်စစ်သည် လူငယ်လူသစ်များကို အခြေခံစစ်သင်တန်းဖြင့် တွန်းအားပေးနေသော်လည်း ဘန်ကောက်နှင့် နေပြည်တော်မှ ဗိုလ်ချုပ်များအကြား ဆက်ဆံရေး လွန်စွာအဆင်ပြေသောအခါ ထိုဒေသတွင် စစ်သားများကို လက်နက် တပ်ဆင်ပေးဖို့က ခက်ခဲလာသည်။

***အတွင်းလူတဦး၏ ခန့်မှန်းချက်အရ RCSS တွင် လေ့ကျင့် လက်နက်တပ်ဆင်ပြီးသည့် တိုက်ခိုက်ရေးသမား အရေအတွက်မှာ ၅,၀၀၀ ထက် မကျော်နိုင်ပေ။ ထိုအရေအတွက်သည် မြန်မာနိုင်ငံမှ အကြီးမားဆုံး ပြည်နယ်တခုတွင် ရည်မှန်းချက်ကြီးသော ဗိုလ်ချုပ်တဦးအတွက် မလုံလောက်သော အရေအတွက် ဖြစ်သည်။***

အတွင်းလူတဦး၏ ခန့်မှန်းချက်အရ RCSS တွင် လေ့ကျင့် လက်နက်တပ်ဆင်ပြီးသည့် တိုက်ခိုက်ရေးသမား အရေအတွက်မှာ ၅,၀၀၀ ထက် မကျော်နိုင်ပေ။ ထိုအရေအတွက်သည် မြန်မာနိုင်ငံမှ အကြီးမားဆုံး ပြည်နယ်တခုတွင် ရည်မှန်းချက်ကြီးသော ဗိုလ်ချုပ်တဦးအတွက် မလုံလောက်သော အရေအတွက် ဖြစ်သည်။

အလားတူ အန္တရာယ်ကြီးမားသော ကိစ္စမှာ ၎င်း၏ နယ်စပ်နှင့် ကပ်လျက် ရှမ်းမြောက်ပိုင်းတွင် RCSS ရုတ်တရက် အင်အားကြီးထွားလာခြင်းသည် တရုတ်နိုင်ငံအတွက် သတိပေးခေါင်းလောင်း

တီးလိုက်သည့်သဘော ဖြစ်နေခြင်းပင်။ တရုတ်လုံခြုံရေး ခွဲခြမ်းစိတ်ဖြာ လေ့လာသူများက ထိုရှမ်းအဖွဲ့သည် ထိုင်းစစ်တပ်၏ လက်ဝေခံအဖြစ် မြင်နေသည်မှာ ကြာမြင့်ပြီဖြစ်ပြီး ထိုင်းစစ်တပ်သည် အမေရိကန် ပြည်ထောင်စုနှင့် ဆက်ဆံရေးလည်း ရှိနေသောကြောင့် စစ်အေးတိုက်ပွဲအတွင်း အမေရိကန် ပြည်ထောင်စုက တရုတ်အမျိုးသားရေးဝါဒီ ကူမင်တန် (KMT) များကို ထောက်ပံ့ခဲ့ခြင်းက တရုတ်နိုင်ငံ၏ အမြင်တွင် အသစ်တဖန် ပြည်လည်ပေါ်ပေါက်လာသည်။

KMT ကို ရှမ်းတို့က ပြန်လည် အသက်သွင်းပေးမည့်ကိစ္စမှာ မဖြစ်နိုင်ဘဲ RCSS သည် အမေရိကန် အကျိုးစီးပွားအတွက် သူလျှိုလုပ်ခဲ့သည့် အထောက်အထားလည်း မရှိပေ။ သို့သော် ထိုင်းစစ်တပ်နှင့် ၂၀၀၀ ပြည့်နှစ်များ အစောပိုင်းတွင် ပိုမိုနီးကပ်လာသည်။ ထိုစဉ်က အသစ် ဝင်ရောက်အခြေချလာသော 'ဝ' စစ်သားများသည် ထိုင်းနိုင်ငံမြောက်ပိုင်း နယ်စပ်အနီးတွင် မက် မူးယစ်ဆေးဝါး ဓာတ်ခွဲခန်းများကို ပေါ်ပေါ်ထင်ထင် ထူထောင်လာသောအခါ ဘန်ကောက်တွင် စိုးရိမ်ပူပန်မှုများနှင့် ဒေါသများကို ဖြစ်ပေါ်စေခဲ့သည်။

သို့သော် ၂၀၁၅ ခုနှစ်သို့ ရောက်လာသောအခါ ထိုဆက်ဆံရေးများသည် မလိုအပ်တော့သည့် အဆင့်အထိပင် ဖြစ်သွားသည်။ ရှမ်းပြည်နယ်အတွက် စစ်ပွဲတွင် ယွက်စစ်သည် 'ဝ' ကဲ့သို့ မဟုတ်ဘဲ သူ၏နောက်မှ ထောက်ခံအားပေးနေသည့် အစ်ကိုကြီး ထိုင်းမရှိဘဲ စစ်တိုက်မည်မဟုတ်ပေ။



လွယ်တိုင်းလျံ ဌာနချုပ်တွင် စစ်ရေးပြပွဲဝင် ရှမ်းစစ်သားများ/ဧရာဝတီ

ရှမ်းပြည်မြောက်ပိုင်းမှ ခါးသီးသော ပြောက်ကျားတိုက်ပွဲသည် RCSS နယ်မြေစူးစမ်းရှာဖွေရေးတပ်၊ ၎င်းတို့ စုဆောင်းထားသည့်လူသစ်များနှင့် TNLA တပ်များအကြား ဖြစ်ပွားခြင်းဖြစ်သည်။ ထို့နောက် ထိုစစ်ပွဲသည် ပိုမိုကျယ်ပြန့်လာပြီး SSPP လည်း ပါဝင်လာသည်။ SSPP သည် ကျောက်မဲ၊ နောင်ချိုနှင့် သီပေါမြို့နယ်များမှ ရှမ်းပြည်သူများ၏ အကျိုးစီးပွားများကို ကိုယ်စားပြုသည်ဟု ပြောသည်။ ထိုဒေသများတွင် ၎င်းတို့ကို ထောက်ခံမှုများလည်း ရှိနေသည်။

နောက်ဆုံးအချက်မှာ မဖြစ်နိုင်ဟုထင်ရသော TNLA-SSPP မဟာမိတ်ကို ခိုင်မာစေသည်။ ထိုမဟာမိတ်အဖွဲ့သည် တအာန်း တောင်ပေါ်နေ လူမျိုးစုများနှင့် တောင်အောက် မြေပြန့်နေ ရှမ်းများအကြား အစဉ်အလာ မုန်းတီးမှုများကို ပေါင်းစပ်ထားသည့် မဟာမိတ်ဖြစ်နေသည်။ ထိုဆက်ဆံရေးသစ်ကို ကြားဝင်ဆောင်ရွက်ပေးသူမှာ UWSA ဖြစ်သည်မှာ သေချာသလောက်ပင်ဖြစ်ပြီး 'ဝ' တို့က လက်နက်ခဲယမ်းများ ပို့ပေးသောကြောင့် ပိုမို အဆင်ပြေသည်။ နှစ်ဖွဲ့လုံးသို့ ထိုသို့ပေးပို့သောလက်နက်များတွင် ၁၂၀ မမ မော်တာကဲ့သို့သော လက်နက်ကြီးများပင် ပါဝင်သည်။

**သူပုန်စစ်တပ်တခု ကျဆုံးခြင်း**

ဘေးအန္တရာယ်များလှပြီး မဖြစ်နိုင်သည့် စစ်ရေးချဲ့ထွင်မှုတခုဖြစ်သော RCSS စစ်ရေးလှုပ်ရှားမှုသည် ရှမ်းပြည်နယ် အနောက်မြောက်ဒေသ တောင်တန်းများတွင် တဖြည်းဖြည်း ကျဆုံးသွားသည်။ လက်နက်အင်အား၊ လူအင်အားအရ သာလွန်ခဲ့ပြီး ထောက်ပံ့ရေးလမ်းကြောင်း၏ အခြားတဘက်ဆုံးတွင် ရှိနေသော ယွက်စစ်၏ တပ်များသည် ဒေသတွင်း ပြဿနာအများအပြားကို ခံစားကြရပြီး ၂၀၂၁ ခုနှစ်တွင် စစ်တပ်က တွက်ချက်မှု လွဲမှားသော အာဏာသိမ်းခြင်းက အခြေအနေကို ပိုမိုဆိုးရွားသွားစေသည်။

*RCSS ကျဆုံးမှုများကို ကျောက်မဲမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုက ပြသနေသည်။ ထိုသတ်ဖြတ်မှုတွင် ထောက်ပို့တပ်မှ စစ်သား ၁၈ ဦးသည် အင်အားပိုမိုကြီးမားသည့် TNLA တပ်ဖွဲ့တွင် လက်နက်ချပြီးနောက် အကျဉ်းရုံး သတ်ဖြတ်ခံရသည်။*

ထိုသို့သော ကျဆုံးမှုများကို ကျောက်မဲမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုက ပြသနေသည်။ ထိုသတ်ဖြတ်မှုတွင် ထောက်ပို့တပ်မှ စစ်သား ၁၈ ဦးသည် အင်အားပိုမိုကြီးမားသည့် TNLA တပ်ဖွဲ့တွင် လက်နက်ချပြီးနောက် အကျဉ်းရုံး သတ်ဖြတ်ခံရသည်။

အောက်တိုဘာလတွင် ရှမ်းတို့သည် ရက်သတ္တပတ်ပေါင်းများစွာ တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ကျောက်မဲမြို့နယ်၊ ဟူဆန်ကျေးရွာရှိ ၎င်းတို့၏ မြောက်ပိုင်းဌာနချုပ်ကို ဆုံးရှုံးသွားခဲ့သည်။ သို့သော် ထိုကာလမတိုင်မီကပင် UWSA တပ်များ၏ ပြည်နယ်ဗဟိုချက်တွင် တိုက်ရိုက် ကြားဝင်စွက်ဖက်မှုကြောင့် 'ဝ' ဦးဆောင်သည့် မဟာမိတ်အဖွဲ့သည် RCSS ကို အခက်အခဲများ ရင်ဆိုင်ရအောင် လုပ်ကိုင်ပြီး မြန်မာစစ်တပ်ကိုမူ အခြားတနည်းနည်းဖြင့် ကိုင်တွယ်နေကြောင်း ပြသနေသည်။

ဒေသဆိုင်ရာ သတင်းများအရ ဖွန်နှင့် ဇူလိုင်လများတွင်လည်း ရာနှင့်ချီသော UWSA တပ်များသည် ကျေးသီးမြို့နယ်ရှိ သေနင်္ဂဗျူဟာကျသော လွယ်ဟန်းတောင်ကုန်းများမှ SSPP ၏ ဝမ်ဟိုင်းဌာနချုပ်ကို သိမ်းထားသော RCSS တပ်များကို မောင်းထုတ်ရန် ကူညီခဲ့သည်။ SSPP တဖွဲ့တည်းက ထိုသို့လုပ်ရန် ကြိုးစားသည်မှာ RCSS တို့ စတင် ဝင်ရောက်လာသည့် ၂၀၁၇ ခုနှစ်ကပင် ဖြစ်သော်လည်း အောင်မြင်ခြင်းမရှိပေ။

ယွက်စစ်၏ တပ်များသည် တောင်ပိုင်းနှင့် မြောက်ပိုင်းနယ်စပ်ဖြစ်သော နမ္မတူမြစ်တဘက် တောင်ပိုင်းမျဉ်းသို့ ပြန်လည် ဆုတ်ခွာရန် သဘောတူသောကြောင့် RCSS တို့၏ ညံ့ဖျင်းလှသော ရှမ်းပြည်မြောက်ပိုင်း လွှမ်းမိုးရေး အစီအစဉ်သည် နောက်ဆုံးတွင် ဖေနဝါရီလ ရောက်သောအခါ ပြိုလဲသွားသည်။ ထိုမြစ်သည် မန္တလေး၊ လားရှိုးနှင့်တရုတ် နယ်စပ်ကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းနှင့် အကြမ်းဖျဉ်းအားဖြင့် အပြိုင်တည်ရှိသည်။

ပြည်နယ်၏ ဗဟိုချက်တွင် ၎င်းတို့စခန်းများကို ထိန်းသိမ်းထားနိုင်မည်ဟု RCSS တို့ ထင်ခဲ့ကြသော မျှော်လင့်ချက် အကြွင်းအကျန်များသည် ရုတ်ချည်း ပျောက်ကွယ်သွားခဲ့သည်။ ဇန်နဝါရီလ နှောင်းပိုင်းတွင် UWSA-SSPP-TNLA သုံးပွင့်ဆိုင် အထူးတပ်ဖွဲ့သည် ၁၂၀ မမ မော်တာများ၏ အကူအညီဖြင့် မိုင်းကိုင်မြို့နယ်ရှိ လွယ်ဆန်း သေနင်္ဂဗျူဟာ တောင်ကုန်းများကို ထန်းချုပ်လိုက်သောကြောင့် RCSS တပ်များကို တောင်ဘက်သို့ မောင်းထုတ်လိုက်သည်။ ထိုတောင်ကုန်းများသည် ပြည်နယ် အနောက်ပိုင်းတွင် တောင်နှင့်မြောက် ဆက်သွယ်ရေးကို လွှမ်းမိုးထားသော တောင်ကုန်းများဖြစ်သည်။



ဝ' ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) တပ်ဖွဲ့ဝင်များ/ဧရာဝတီ

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် လက်နက်ခဲယမ်း အများအပြား တင်ဆောင်ပြီး မြောက်ပိုင်းမှ ပြန်လည် ဆုတ်ခွာလာသော RCSS ယာဉ်တန်းတခုကို SSPP တပ်များက ရပ်စောက်မြို့နယ်၊ ကျောက်ဂူဒေသ တောင်ပိုင်းသို့ သွားနေသောလမ်းတွင် ကြားဖြတ်ဟန့်တားသည်။ မြန်မာစစ်တပ်က ယွက်စစ်ကို ကူညီရန် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ပေးသော်လည်း ယွက်စစ်၏တပ်များသည် အတန်ကြာ တိုက်ခိုက်ပြီးနောက် လက်နက်ချခဲ့သည်။

တချိန်တည်းတွင် ထိုင်းနယ်စပ်တွင်လည်း UWSA က ထိန်းချုပ်ထားနိုင်သည့် အခြေအနေသို့ ရောက်လာနေသည်။ ဇန်နဝါရီလ ၁၉ ရက်နေ့နှင့် ၂၂ ရက်နေ့အတွင်း 'ဝ' တောင်ပိုင်းဒေသ သို့မဟုတ် 'ဝ' တပ်မဟာ ၉ ခုအနက်မှ ၅ ခုကို ဖြန့်ချထားရာ ၁၇၁ စစ်ဒေသမှ တပ်များသည် ၎င်းတို့ ယခင်တခါမျှ မလှုပ်ရှားဘူးလောက်အောင် ကြီးမားသည့် လှုပ်ရှားမှုတခုကို ပြုလုပ်ခဲ့သည်။ 'ဝ' ရုပ်သံလိုင်းနှင့် လူမှုကွန်ရက်မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်သော စစ်ရေးလေ့ကျင့်မှု ဖြစ်သည်။

*၁၇၁ စစ်ဒေသကို တိုက်ခိုက်ရန် RCSS ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်အနေဖြင့် များပြားလှသော ၁၂၀ မမ မော်တာများ တပ်ဆင်ထားသည့် 'ဝ' တပ်မဟာနှစ်ခုသည် RCSS လွယ်တိုင်းလျုံဌာနချုပ်နှင့် ကပ်လျက် မျက်နှာချင်းဆိုင်တွင် နယ်စပ်အနောက်ဘက်၌ တိုက်ပွဲဝင်ရန် အသင့်အနေအထား ယူလိုက်သည်။*

၁၇၁ စစ်ဒေသကို တိုက်ခိုက်ရန် RCSS ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်အနေဖြင့် များပြားလှသော ၁၂၀ မမ မော်တာများ တပ်ဆင်ထားသည့် 'ဝ' တပ်မဟာနှစ်ခုသည် RCSS လွယ်တိုင်းလုံ့ဌာနချုပ်နှင့် ကပ်လျက် မျက်နှာချင်းဆိုင်တွင် နယ်စပ်အနောက်ဘက်၌ တိုက်ပွဲဝင်ရန် အသင့်အနေအထား ယူလိုက်သည်။

ထိုသို့ ထိုင်းနယ်စပ်တွင် မျက်နှာချင်းဆိုင် ထိပ်တိုက်တွေ့မှုသည် လာမည့် ရက်သတ္တပတ်များအတွင်း မီးကုန်ယမ်းကုန်ဖြစ်လာမည်၊ မဖြစ်လာမည်ကို ရှင်းရှင်းလင်းလင်း မသိနိုင်သေးပေ။ ထိုနေရာတွင်ပင် ၂၀၀၅ ခုနှစ်က နောက်ဆုံးဖြစ်ပွားသည့် ပဋိပက္ခတွင် ရှမ်းတို့သိမ်းထားသည့် တောင်ကုန်းများကို သိမ်းပိုက်ရန် မအောင်မြင်သော အားထုတ်မှုများတွင် 'ဝ' တို့သည် လူသားလှိုင်းများကို သုံးစွဲသောကြောင့် ထိခိုက်သေဆုံးမှု ရာချီ ရှိခဲ့သည်။

ယခု ၁၆ နှစ်ကြာသောအခါ UWSA သည် လက်နက်ပိုမိုကောင်းမွန်စွာ တပ်ဆင်လာပြီး နည်းပရိယာယ်အရလည်း ပိုမိုနားလည်လာသောအခါ ယခင်ကနှင့် တူညီသော ရလဒ်မျိုးဖြစ်လာတော့မည် မဟုတ်ပေ။ 'ဝ' တို့ ၂၀၀၅ ခုနှစ်က မသုံးခဲ့သည့် ကြီးမားသော အမြောက်များဖြင့် ရင်ဆိုင်ခြင်းသည် ရှမ်းဌာနချုပ်ကို အောင်မြင်စွာ ထိုးစစ်ဆင်ရန် အပျက်အစီးများသော ကြိုတင်ပစ်ခတ်မှုကို ပေးနိုင်သည်။

'ဝ' ၏ အခြားဗျူဟာတခုမှာ ချောင်ပိတ်မိနေသော ရန်သူကို ပြည်နယ် အတွင်းပိုင်းထောက်ပံ့ရေး လမ်းကြောင်းများနှင့် အခွန်စီးဆင်းမှုကို ဖြတ်တောက်ပြီး ယခုအခါ အသက် ၆၅ နှစ်ရှိပြီဖြစ်သော ယွက်စစ် ထိုင်းနိုင်ငံမြောက်ပိုင်း မြို့ကြီးဖြစ်သော ချင်းမိုင်တွင် သက်သောင့်သက်သာ အငြိမ်းစားယူချိန်ကို စောင့်နေနိုင်သည်။ သူ၏ တပ်များကို လက်နက်ခဲယမ်း ပြန်လည်ဖြည့်တင်းပေးရန် ထိုင်းစစ်ဘက်၏ (အလားအလာ အလွန်နည်းသော) ကြားဝင် စွက်ဖက်မှု မရှိသောကြောင့် ရှမ်း စစ်ဘုရင်အတွက် ရွေးချယ်စရာ မရှိသလောက်ဖြစ်နေသည်။

## 'ဝ' ပြည်နယ်ဆီသို့

အခြားတဘက်တွင်လည်း တနိုင်ငံလုံးတွင် ခုခံမှုများနှင့် ရင်ဆိုင်နေရသောကြောင့် နည်းနည်းနှင့် ကျဲကျဲ ဝိုင်းနေရသော စစ်ကောင်စီအတွက် ၂၀၂၂ ခုနှစ် ပွင့်လင်းရာသီတွင် နိုင်ငံအရှေ့မြောက်ပိုင်း၌ UWSA သည် အဓိက လွှမ်းမိုးသော အင်အားစုအဖြစ် ရင်ဆိုင်ရမည်ကို အတည်ပြုပေးလိုက်သည်။ 'ဝ' ထောက်ပံ့သော လက်နက်ခဲယမ်းများကို မှီခိုနေရသော ပိုမိုသေးငယ်သည့် မဟာမိတ်များ၏ ထောက်ခံမှုက ထိုအုပ်ချုပ်ပိုင်ခွင့်တွင် အကျိုးဆက်များဖြစ်လာမည်။

ပထမဆုံးအချက်မှာ ထိုအခြေအနေသည် တန်ဖိုးမြင့် ဈေးကွက်တွင် 'ဝ' တို့၏ သန့်စင်မှုအဆင့်မြင့်မားသည့် မက် ပုံဆောင်ခဲနှင့် အဆင့်မြင့် မူးယစ်ဆေးသုံး ဓာတုပစ္စည်းများ ထုတ်လုပ်မှုအပေါ် မှီခိုနေရသော ဒေါ်လာ ၁ ဘီလီယံကျော်တန် မူးယစ်ဆေးဝါးလုပ်ငန်း၌ 'ဝ' တို့ ဩဇာခိုင်မာအောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ မေလမှ စတင်ပြီး ထိုင်းနှင့် လာအိုအတွင်းသို့ အလုံးအရင်းဖြင့် စီးဝင်လာခြင်း (ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး UNODC က ယခင် မကြုံဖူးသည့် ပမာဏဖြစ်ကြောင်းပြောသည်) ကို ကြည့်လျှင် ဈေးသက်သာသော ယာဘ ဆေးဝါးထုတ်လုပ်မှုသည် 'ဝ' သာမက လက်နက်ကိုင်အဖွဲ့အစည်းသစ်များနှင့် ပြည်သူ့စစ်များအတွက် ကုန်ကြမ်းရရှိသောနေရာများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြသနေသည်။

*ရှမ်းပြည်နယ်တွင် စိုးမိုးနိုင်ခြင်းကြောင့် UWSA သည် ၎င်း၏ နိုင်ငံရေးနှင့် စစ်ရေးဩဇာကို ရှမ်းပြည်နယ်မှကျော်လွန်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ချဲ့ထွင်နိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ် စတင်ဖြစ်ပေါ်နေပြီးဖြစ်သည်။ ရှမ်းပြည်နယ်ပုံစံကို ပုံတူကူးပြီးနောက် UWSA သည် ၂၀၂၁ ခုနှစ် နှစ်လယ်မှ စတင်ပြီး လက်နက်များကို အိမ်နီးချင်း ကယားပြည်နယ်မှ စစ်အုပ်စု ဆန့်ကျင်ရေး တပ်ဖွဲ့များထံ တင်ပို့နေသည်။*

ဒုတိယအချက်မှာ ရှမ်းပြည်နယ်တွင် စိုးမိုးနိုင်ခြင်းကြောင့် UWSA သည် ၎င်း၏ နိုင်ငံရေးနှင့် စစ်ရေးဩဇာကို ရှမ်းပြည်နယ်မှကျော်လွန်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ချဲ့ထွင်နိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ် စတင်ဖြစ်ပေါ်နေပြီးဖြစ်သည်။ ရှမ်းပြည်နယ်ပုံစံကို ပုံတူကူးပြီးနောက် UWSA သည် ၂၀၂၁ ခုနှစ် နှစ်လယ်မှ

စတင်ပြီး လက်နက်များကို အိမ်နီးချင်း ကယားပြည်နယ်မှ စစ်အုပ်စု ဆန့်ကျင်ရေး တပ်ဖွဲ့များထံ တင်ပို့နေသည်။

ထိုလက်နက်များကို အဓိက ရရှိသည့်အဖွဲ့မှာ ကရင်နီအမျိုးသား ပြည်သူ့လွတ်မြောက်ရေး တပ်ဦး (KNPLF) ဖြစ်သည်။ ထိုအဖွဲ့သည် CPB နှင့် (ထို့ကြောင့် 'ဝ' နှင့်) သမိုင်းဝင် အချိတ်အဆက်ရှိသော ကွန်မြူနစ်ဟောင်းများဖြစ်ပြီး ထိုင်းနိုင်ငံနယ်စပ်တလျှောက်တွင် ၎င်းတို့ကို "ကြယ်နီ" များဟု ခေါ်ကြသည်။ ၂၀၀၉ ခုနှစ်တွင် KNPLF သည် စစ်အုပ်စု လက်အောက်ခံ နယ်ခြားစောင့်တပ် ဖြစ်လာရန် ရွေးချယ်ခဲ့သည်။ သို့သော် စစ်အာဏာသိမ်းပြီးချိန်မှ စတင်ပြီး သေနတ်ပြောင်းကို စစ်ကောင်စီဘက်သို့ ပြန်လှည့်ခဲ့သည်။

ကြယ်နီအဖွဲ့နှင့် ၎င်း၏မဟာမိတ် ကရင်နီအဖွဲ့ခွဲသို့ ရောက်ရှိလာသည့် UWSA လက်နက်များတွင် အော်တိုမက်တစ် လက်နက်ငယ်များ၊ RPG လောင်ချာများ၊ UWSA သုံးခဲ့သည့် ၁၉၈၀ ပြည့်နှစ်များက တရုတ်သံခမောက်များ ဖြစ်သည်မှာ သေချာသည်။

ထိုစစ်လက်နက်ပစ္စည်းများသည် ကယားပြည်နယ် ခုခံမှု၌ အံ့သြစရာ ကောင်းလောက်အောင် ထိရောက်ခြင်းနှင့် စစ်ကောင်စီတပ်များ အကြီးအကျယ် အထိနာမှုကို ဖော်ပြနေသောကြောင့် ဇန်နဝါရီလ တလတည်းတွင်ပင် ကယားပြည်နယ်၊ လွိုင်ကော်မြို့တော် အစိတ်အပိုင်းများသို့ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ရန် လိုအပ်ခဲ့သည်။

တတိယနှင့် အရေးပါသောအချက်မှာ ရှမ်းပြည်နယ်တွင် သေနင်္ဂဗျူဟာအရ သြဇာကြီးမားလာသောကြောင့် 'ဝ' တို့သည် လက်ရှိအချိန်အထိ မအောင်မြင်သေးသည့် ၎င်းတို့၏ ရည်မှန်းချက်ဖြစ်သော မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် တောင်ပိုင်းရှိ ၁၇၁ စစ်ဒေသကို ပေါင်းစည်းပြီး တခုတည်းနှင့် တဆက်တစပ်တည်းရှိသော 'ဝ' ပြည်နယ်ထူထောင်ရေး အောင်မြင်ရန် ပိုမိုနီးစပ်လာသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းမှ မြန်မာစစ်တပ်၏ စစ်စခန်းများ ထိခိုက်လွယ်မှုကို ထပ်ပြီး အဆင့်မြှင့်သည့်အနေဖြင့် ထိုကဲ့သို့သော မဟာမိတ်များ ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံ၏ သံလွင်မြစ်အရှေ့ပိုင်းဒေသများတွင် 'ဝ' အုပ်ချုပ်ရေး ဖြစ်ပေါ်လာမည့် သဘော ဆောင်စေသည်။ ပိုမိုသေးငယ်သော ဒေသများရှိ အုပ်ချုပ်သူများ အထူးသဖြင့် မြောက်ပိုင်းတွင် ကိုးကန့်အခြေစိုက် MNDAA၊ လားအိုနှင့် နယ်စပ်တွင် အမျိုးသားဒီမိုကရက်တစ် မဟာမိတ် တပ်မတော် သို့မဟုတ် မိုင်းလားအဖွဲ့ တို့သည်လည်း ထိုလမ်းကြောင်းသို့ လိုက်လာမည်ဟု မျှော်လင့်ရသည်။

***မည်သို့ကဲ့သို့သော ဖြစ်ပေါ်တိုးတက်မှုမဆိုသည် ရှမ်းပြည်နယ်မှ တရုတ် အခြေခံ အဆောက်အအုံ စီမံကိန်းများ လုံခြုံရေးကို အထောက်အကူပြုစေမည်ဖြစ်ပြီ သံလွင်မြစ် အရှေ့ခြမ်း 'ဝ' ဒေသသစ်မှတဆင့် တရုတ်နှင့် ထိုင်း ကုန်းလမ်း ဆက်သွယ်ရေးကို အဆင်ပြေစေမည်ဖြစ်သည်။***

မည်ကဲ့သို့သော ဖြစ်ပေါ်တိုးတက်မှုမဆိုသည် ရှမ်းပြည်နယ်မှ တရုတ် အခြေခံ အဆောက်အအုံ စီမံကိန်းများ လုံခြုံရေးကို အထောက်အကူပြုစေမည်ဖြစ်ပြီ သံလွင်မြစ် အရှေ့ခြမ်း 'ဝ' ဒေသသစ်မှတဆင့် တရုတ်နှင့် ထိုင်း ကုန်းလမ်း ဆက်သွယ်ရေးကို အဆင်ပြေစေမည်ဖြစ်သည်။

သို့သော် ထိုသို့ဖြစ်လာသောကြောင့် ပိုမို နိမိတ်မကောင်းသော မေးခွန်းတခုကိုလည်း မေးစရာဖြစ်လာသည်။ ထိုင်းနိုင်ငံသည် ကူးသန်းရောင်းဝယ်ရေး၊ နိုင်ငံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အပေါ် ၎င်း၏ မြောက်ဘက်နယ်စပ်မှ အသစ်ပေါ်ပေါက်လာသည့် သူတို့ကိုယ် သူတို့ယုံကြည်ပြီး ငွေကြေးချမ်းသာသော မူးယစ်ပြည်နယ်၏ ထိပါးသော ရိုက်ခတ်မှုကို ကိုင်တွယ်ရန် အသင့်ပြင်ထားပါသလားဆိုသည့် မေးခွန်းဖြစ်သည်။

နောက်ဆုံးအချက်ဖြစ်သော်လည်း အရေးပါသည့်အချက်မှာ သြဇာပိုမိုကြီးထွားလာသော တိုင်းရင်းသား အုပ်စုများသည် 'ဝ' ပုံစံကို နမူနာအဖြစ်ယူကာ ၎င်းတို့ပြည်နယ်တွင်း ရေးရာများတွင် လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းလာမည်ဖြစ်သောကြောင့် 'ဝ' ကျစ်လစ်ခိုင်မာလာခြင်းသည် မြန်မာကို ဖက်ဒရယ် စနစ်ထက် ပိုမိုလွတ်လပ်သည့် ကွန်ဖက်ဒရိတ်စနစ်သို့ တွန်းအားပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနောက်ဘက် ပင်လယ်ကမ်းခြေ ရခိုင်ပြည်နယ်မှ ဖြစ်ပေါ်တိုးတက်မှုများသည်လည်း ထိုလမ်းကြောင်းသို့ပင် ဦးတည်နေသည်။ ရခိုင်ပြည်နယ်တွင် ဩဇာကြီးမားလှသော ရက္ခိုင့်တပ်တော်မှ ခေါင်းဆောင်က ‘ဝ’ ပုံစံ အပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လိုလားကြောင်း ပြောကြားထားပြီး ဖြစ်သည်။

ထိုဖြစ်စဥ်သည် မုန်းတီးမှုများဆီသို့ ကျဆင်းသွားပါက ထိခိုက်ပျက်စီးလွယ်ပြီး ဖြစ်နေသော နိုင်ငံသည် ဘောလ်ကန်ဒေသ ပုံစံကဲ့သို့ဖြစ်လာရန် ဝေးကွာတော့မည် မဟုတ်ပေ။

*(Asia Times မှ Anthony Davis ၏ Wa an early winner of Myanmar's post-coup war ကို ဘာသာပြန် ဖော်ပြသည်။ ဆောင်းပါးပါ အာဘော်သည် စာရေးသူ၏ အာဘော်သာ ဖြစ်သည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/02/28/250161.html

---------------------------------------------------------------------------------------------

## စစ်ကောင်စီရဲ့ အပစ်ရပ်ကာလတိုးမြှင့်မှုအပေါ် မယုံကြည်ကြောင်း KNU ပြော

2022.02.28

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ စစ်ရေးလှုပ်ရှားမှုတွေကို ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်ကစပြီး ဒီဇင်ဘာလကုန်အထိ တိုးမြှင့်ရပ်ဆိုင်းထားမယ်လို့ စစ်ကောင်စီ ကာကွယ်ရေးဦးစီးချုပ်ရုံးက ဖေဖော်ဝါရီ ၂၈ ရက်နေ့ ထုတ်ပြန်ချက်အပေါ် KNU က အယုံအကြည်မရှိကြောင်း ပြောပါတယ်။

စစ်ကောင်စီရဲ့ အပစ်ရပ်ကြေညာချက်တွေဟာ လက်တွေ့မကျတဲ့ ထုတ်ပြန်ချက်တစ်ခုသာ ဖြစ်တာကြောင့် ယုံနိုင်စရာ မရှိဘူးလို့ KNU ရဲ့ နိုင်ငံခြားရေးတာဝန်ခံ ပဒို စောတောနီး က ပြောပါတယ်။

**"မရိုးနိုင်တဲ့ မုသားတွေပဲ တောက်လျှောက်ပြောနေတယ်လို့ သဘောပေါက်ပါတယ်။ သူတို့ အပစ်အခတ်ရပ်စဲရေး ပြောပြီးတိုင်း ကျွန်တော်တို့ဆီ ထိုးစစ်ဆင်တာက ဒါက လုပ်နေကျ အလုပ်တစ်ခုပဲဆိုတော့ ဘာမှ တုံ့ပြန်စရာအကြောင်းမရှိဘူး။ တကယ်တမ်း လိုချင်တယ်ဆိုရင် လက်တွေ့ပြရမယ့် အပိုင်း ရှိတယ်လေ၊ ပါးစပ်နဲ့ပြောလို့မရဘူး။ အမြီးအမောက်မတည့်တဲ့ ဟာတွေ လုပ်နေကျပဲ။ ပုံမှန်အနေအထားမရှိတဲ့လူတွေ တွေးခေါ်မျှော်မြင်မှုနဲ့ ဒါတွေက ထပ်ခါထပ်ခါပြောနေတာ။ ဘာလို့လဲဆို သာမန်လူတစ်ယောက်ဆို ဒီလိုအမြီးအမောက် မတည့်တာကို တစ်ခါ နှစ်ခါ ပြောရင် ရပြီ အခုက ဒါကို တောက်လျှောက်ပြောနေတာဆိုတော့ ရူးသွပ်နေတဲ့လူတွေပဲ ပြောတယ်ဆိုတာ ကျွန်တော်တို့ အဲဒီလိုပဲ နားလည်ရမယ်။ တကယ်တမ်းလုပ်ချင်တယ်ဆိုရင် လက်တွေ့ကျတဲ့အလုပ်ကို ပြဖို့တော့ လိုတယ်။ အနည်းဆုံးအားဖြင့်တော့ တပ်တွေ ရုပ်သိမ်းဖို့ဆိုတာ လုပ်သင့်တဲ့ ပထမဆုံးခြေလှမ်းပေါ့။ နောက်ပြီးတော့ ပြေးလွှားနေရတဲ့လူထုတွေ ဒုက္ခရောက်နေတဲ့လူထုတွေ အခုထိ အိမ်ပြန်လို့မရသေးဘူး။ အဲဒါတွေက ဆက်လုပ်ရမှာ။ အဲဒါတွေကို လမ်းစအနေနဲ့ တချက်မှ မတွေ့ရသေးဘူးဆိုတော့ ဘယ်လိုမှ ယုံနိုင်စရာမရှိဘူးလေ"**

KNU ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၅) မူတြော်ခရိုင် ဒွယ်လိုးမြို့နယ်နဲ့ လူသောမြို့နယ်တွေမှာ စစ်ကောင်စီ တပ်က လေကြောင်းသုံး တိုက်ခိုက်မှုကြောင့် ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ အရပ်သား လေးဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ KNU က ပြီးခဲ့တဲ့ရက်ပိုင်းက ကြေညာထားပါတယ်။

လတ်တလော ရက်ပိုင်းတွေအတွင်းမှာလည်း ကချင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ စစ်ကိုင်းတိုင်းတွေမှာ စစ်ကောင်စီတပ်က လေကြောင်းကနေ တိုက်ခိုက်နေတာဖြစ်ပါတယ်။

စစ်ကောင်စီရဲ့ ထုတ်ပြန်ချက်မှာ " မြန်မာနိုင်ငံတစ်ဝန်း နိုင်ငံတော်ကာကွယ်ရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်တွေအပြင်၊ အစိုးရရဲ့ လုံခြုံရေးနဲ့ အုပ်ချုပ်ရေး ယန္တရားတွေကို နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ" စစ်ရေးလှုပ်ရှားမှုတွေကို ရပ်ထားမယ်လို့ ပါရှိပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ ဖေနဝါရီလဆန်းပိုင်းက မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့ တွေ့ဆုံစဉ်မှာလည်း ၂၀၂၂ နှစ်ကုန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲသွားမယ်လို့ ပြောခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့က နေပြည်တော်မှာ စစ်ကောင်စီက ဦးဆောင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကို NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် ခြောက်ဖွဲ့နဲ့ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် သုံးဖွဲ့ တက်ရောက်ခဲ့ကြပေမယ့် ရလဒ်တစ်စုံတရာမထွက်ခဲ့ဘူးလို့ ဆွေးနွေးပွဲ တက်ရောက်ခဲ့သူတွေက သုံးသပ်ကြပါတယ်။

https://www.rfa.org/burmese/news/junta-ceasefire-knu-reaction-02282022121644.html

---------------------------------------------------------------------------------------------

## ဘားအံမြို့နယ်တွင် စစ်တပ်က လက်နက်ကြီးပစ်ခတ်သဖြင့် ရွာသား ၂ ဦးဒဏ်ရာရ

Published By DVB | 28 February, 2022



ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကေအန်ယူ တပ်မဟာ ၁ ထိန်းချုပ်နယ်မြေ၊ တကောင်ဘိုးကျေးရွာအုပ်စု၊ နို့သရေးကျေးရွာအတွင်းကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီလောက်က စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ ပစ်ခတ်တာတွေကြောင့် အရပ်သား ပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

စစ်ကောင်စီတပ်နဲ့ လက်အောက်ခံ BGF ပူးပေါင်းတပ်ဖွဲ့တွေရဲ့ လက်နက်ကြီးပစ်ခတ်မှုကြောင့် နို့သရေးကျေးရွာသားတွေဖြစ်တဲ့ စောဖားလား အသက် ၅၈ နှစ်၊ ညာဘက်လက်ကောက်ဝတ်ကို ထိမှန်ခဲ့သလို စောပြည့်စုံ အသက် ၁၄ နှစ်၊ ညာဖက်ချိုင်းအောက်ကို လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာတွေ ရရှိခဲ့ပါတယ်။

တကောင်ဘိုးကျေးရွာသားတစ်ဦးက" လက်နက်ကြီးနဲ့ပစ်လို့ ရွာသား ၂ ယောက် ကျည်စတွေထိတယ်။ အခု ဆေးကုခံနေရတယ်။ ကျနော်တို့ ရွာသားတွေက မြေစာပြင် ဘဝပါဗျာ။ တိုက်ပွဲတွေဖြစ်ရင် အပြစ်မဲ့တဲ့ ကျနော်တို့ရွာသားတွေပါ သေနေရတယ်။ စစ်ပွဲတွေ မြန်မြန်ပြီးစေချင်ပြီ။ ငြိမ်းချမ်းချင်ပြီ။ အေးအေးဆေးဆေး လုပ်ကိုင်စားသောက်ချင်ပြီ"လို့ ဆိုပါတယ်။

ဖေဖော်ဝါရီ ၂၄ ည ၉ နာရီခွဲလောက်က သထုံမြို့နယ်၊ နောင်ကတုတ်အောက်ပိုင်း ကျေးရွာအတွင်းကို စစ်ကောင်စီရဲ့ ခမရ ၉ တပ်စခန်း(ကြခတ်ချောင်း)ကနေ လက်နက်ကြီး ၃ ချက် ပစ်ခတ်ခဲ့တဲ့အတွက် ဒေသခံ နော်ဖောဂေရဲ့ နေအိမ်အနီး ကျရောက်ပေါက်ကွဲခဲ့ကာ အိမ်မျက်နှာကြက်၊ အကာ၊ သွပ်ပြားတွေ ထိမှန်ပျက်စီးခဲ့သလို ကျေးရွာစာသင်ကျောင်းပါ ထိမှန်ပျက်စီးခဲ့ပါတယ်။

အဆိုပါနေ့မှာပဲ ပိန္နဲတောကျေးရွာမှာ အခြေချထားတဲ့ စကခ ၈ တပ်စခန်းက လက်နက်ကြီး ၄ ချက် ထပ်မံပစ်ခတ်ခဲ့တဲ့အတွက် ဒုံသမိချောင်း တစ်ဖက်ကမ်းမှာ ၃ လုံးကျရောက်ပေါက်ကွဲခဲ့သလို ပရစ်ခိုကျေးရွာအနီး လက်နက်ကြီး ၁ လုံး ကျရောက်ပေါက်ကွဲခဲ့ပါတယ်။

အလားတူ ဖေဖော်ဝါရီ ၂၄ ရက် ည ၁၂ နာရီလောက်က တပ်မဟာ ၅ နယ်မြေ ဖာပွန်(မူတြော်)ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကွမ်းပင်ကျေးရွာအုပ်စု၊ ကပီခီးကျေးရွာတွင်းကို နယ်ခြားစောင့်တပ် (BGF) အမှတ်-၁၀၁၃ တပ်ရင်းက ဗိုလ်မောင်ချစ်ဦးဆောင်တဲ့ တပ်ဖွဲ့ဝင်တွေက လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တဲ့အတွက် ကျေးရွာသား ၁ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရရှိခဲ့သလို အိမ်မွေးတိရိစ္ဆာန်တွေပါ ထိမှန်သေဆုံးခဲ့တယ်လို့ ကေအန်ယူက သတင်းထုတ်ပြန်ပါတယ်။

ကေအန်ယူ ထိန်းချုပ်နယ်မြေအတွင်း စစ်ကောင်စီရဲ့တပ်နဲ့ BGF ပူးပေါင်းတပ်တွေဟာ နယ်မြေကျော် စစ်ရေးလှုပ်ရှားမှုတွေ ပိုမိုလုပ်ဆောင်လာတဲ့အတွက် KNLA ပူးပေါင်းတပ်ဖွဲ့တွေ တိုက်ပွဲတွေ ပိုမိုပြင်းထန်လာနိုင်တဲ့အတွက် ဒေသခံပြည်သူတွေကို သတိထားနေထိုင်ကြဖို့နဲ့ တိုက်ပွဲဖြစ်ပွားလာရင် ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ကြဖို့ ကေအန်ယူက အသိပေး နှိုးဆော်ထားပါတယ်။

https://burmese.dvb.no/archives/519387

-----------------------------------------------------------------------------------------------

## ပူတာအိုမှာ လေကြောင်းရန်ကြောင့် ဒေသခံ ငါးထောင်ကျော် အခက်ကြုံနေရ

2022.02.28

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်မှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့က စတင်ဖြစ်ပွား နေတဲ့ တိုက်ပွဲတွေကြောင့် လုံရှာယာန်ကျေးရွာက အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရတဲ့ ဒေသခံ ငါးထောင်ကျော်ဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒေသခံတွေဟာ နေရာထိုင်ခင်းအပြင် စားဝတ်နေရေး အခက်အခဲတွေနဲ့ပါ ရင်ဆိုင်နေကြ ရတယ်လို့ လုံရှာယာန် ကျေးရွာကနေ တောတောင်ထဲ ထွက်ပြေးနေရတဲ့ ဒေသခံ အမျိုးသမီး တစ်ဦးက RFA ကို ပြောပါတယ်။

**"မိုးတွေရွာရင် အရမ်းခက်တယ်။ နေရာတွေလည်း ခက်ခဲတယ်။ ကလေးတွေနဲ့ဆိုတော့ အမေတွေလည်း အရမ်းခက်ခဲတယ်။ အဝတ်အစား၊ စောင်တွေ မပါတာတွေလည်း အများကြီးပဲ။ ဒီတိုင်းထွက်ပြေးလာရတယ်ဆိုတော့ ပိုက်ဆံက မရှိကြဘူး။ တောမှာရှိတဲ့ ငှက်ပျောသီးတွေကိုပဲ စားပြီး နေနေရတဲ့သူတွေလည်း ရှိတယ်။ ဖျားရင်လည်း အရမ်း အခက်အခဲ ရှိတယ်။ ဟိုနေ့ကလည်း အဖိုးတစ်ယောက် ချွဲကျပ်လို့ လမ်းရောက်တဲ့အထိ ထမ်းပြီး ဆိုင်ကယ်နဲ့ ဆေးရုံသွားပို့ရတယ်"**

လုံရှာယာန်ကျေးရွာသား ငါးထောင်ကျော်မှာ နှစ်ထောင်လောက်က မြစ်ကြီးနားနဲ့ ပူတာအိုမြို့တွေကို ထွက်ပြေးတိမ်းရှောင်နေကြရပြီး ကျန်သုံးထောင်လောက်ကတော့ ရွာနားက တောတောင်တွေထဲမှာ ထွက်ပြေးတိမ်းရှောင်နေကြရတာလို့ ပြောပါတယ်။

တောထဲမှာ ထွက်ပြေးတိမ်းရှောင်နေရသူတွေဟာ တစ်နေရာတည်းမှာ စုစည်းနေထိုင် တာမျိုး မဟုတ်ဘဲ လုံခြုံမယ်လို့ ယူဆတဲ့နေရာတွေမှာ ဟိုတစ်စု၊ ဒီတစ်စုနဲ့ ပြန့်ကျဲပြီး နေထိုင်နေကြရတာလို့လည်း ပြောပါတယ်။

စစ်ကောင်စီတပ်က လေကြောင်းပစ်ခတ်မှုတွေ လုပ်မှာစိုးရိမ်တာကြောင့် တောထဲမှာ မနက်အစောပိုင်းကပင် ချက်ပြုတ်စားသောက်နေကြရသလို အိမ်ကိုလည်း မပြန်ရဲကြ သေးဘူးလို့ ဆိုပါတယ်။

https://www.rfa.org/burmese/news/morethan-5000-locals-suffer-from-airstrike-in-putao-02282022074721.html

-----------------------------------------------------------------------------------------

## ပူတာအိုမှာ မိုဘိုင်းဖုန်းလိုင်းအချို့ ပြတ်တောက်နေ

2022.02.28

ကချင်ပြည်နယ် ပူတာအိုမြို့မှာ တိုက်ပွဲတွေကြောင့် မြစ်ကြီးနား-ပူတာအိုလမ်းကို ပိတ်ထား တဲ့အတွက် စက်သုံးဆီတွေ ပြတ်လပ်လာပြီး မိုဘိုင်းဖုန်းလိုင်းတွေပါ ပြတ်တောက်နေတယ် လို့ ဒေသခံတွေက RFA ကို ဒီနေ့ ပြောပါတယ်။



ပူတာအိုမြို့မှာ ပိတ်ထားတဲ့ ဆီဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်
Photo: CJ

ဓာတ်ဆီတစ်လီတာဈေးဟာ ဒီနေ့ဆို ကျပ်ငါးထောင်အထိ ရောက်နေတယ်လို့ ပူတာအို ဒေသခံတစ်ဦးက ပြောပါတယ်။

**“ဓာတ်ဆီက လမ်းဘေးမှာ တစ်ဆိုင်မှာပဲ ဝယ်လို့ရတော့တယ်။ ဒီနေ့က တစ်ပုလင်းကို ၅၀၀၀ နဲ့ ရောင်းကြတယ်။ ဆိုင်ကြီးတွေမှာတော့ မရောင်းတော့ဘူး။ လမ်းပိတ်ထား တော့ ကုန်းဈေးနှုန်းတွေ ဈေးတက်တယ်။ အောက်ပိုင်းက ဆန်တွေဆို ပြတ်နေပြီ။ ဘိလပ်မြေတွေဆို ပိုပြီးတော့ ဈေးကြီးတယ်။ ရွှေဝါဆပ်ပြာ ခါတိုင်းဆို တစ်ထောင်ဖိုး ၄ တောင့်ရတယ်။ အခုက ၂ တောင့်ပဲ ရတော့တယ်”**

ကုန်းဈေးနှုန်းတွေဟာ အရင်ကထက် နှစ်ဆလောက် ဈေးတက်နေတာလို့လည်း ပြောပါ တယ်။

အခုလို စက်သုံးဆီဈေးတွေ အဆမတန်တက်လာတာကြောင့် ဖေဖော်ဝါရီ ၂၅ ရက်နေ့ ကစပြီး မိုဘိုင်းဖုန်းလိုင်းတွေလည်း ပြတ်တောက်နေပြီး ဒီနေ့တော့ တချို့နေရာတွေမှာ တယ်လီနောလိုင်းတွေ ပြန်ရနေတယ်လို့လည်း ပြောပါတယ်။

ပူတာအိုမြို့နယ်မှာ တိုက်ပွဲတွေပြင်းထန်လာခဲ့ပြီးနောက် ပူတာအိုဘက်အဆင်းကို ဖတ်မာနဲ့ မူလာရှီးဒီး ဂိတ်တွေမှာ စစ်ကောင်စီက ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားသလို ကေအိုင်အေ ဘက်ကလည်း မြစ်ကြီးနားဘက်က အတက်ကို ဖေဖော်ဝါရီလကုန်ထိ ပိတ်ပင်ထားတယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

ပူတာအိုမြို့နယ်မှာ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေစလို့ တိုက်ပွဲတွေ ပြင်းထန်နေတာဖြစ်ပြီး ဒေသခံ ခြောက်ထောင်ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရတယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/mobile-phone-lines-cut-off-in-putao-02282022054144.html

------------------------------------------------------------------------------------------

## သျှမ်းပြည်တောင်ပိုင်းမှာ စစ်ဘောင်ကျယ်လာတော့မှာလား

By SHAN - February 28, 2022



ပြာလဲ့လဲ့ ကောင်းကင်တွင် ရဟတ်ယာဉ်များ ဆူညံစွာ ပျံဝဲနေသည်။ ရုရှားနိုင်ငံထုတ် MI-35 အမျိုးအစား စစ်ရဟတ်ယာဉ်သည် အသွိုးတကြီးဖြင့် မြေပြင်ကို ပစ်ခတ်နေသည်။

မြေပြင်တွင် ပေါက်ကွဲသံများ၊ လက်နက်ကြီးသံများနှင့် သေနတ်သံများ အဆက်အပြတ် ဆူညံနေသည့်ကြားက ပျက်စီးနေသည့် နေအိမ်များ မီးခိုး တလူလူဖြင့် မီးလောင်ကျွမ်းနေသည့် လူနေ အဆောက်အအုံများကိုလည်း တွေ့ရသည်။




နှစ်ပေါင်းများစွာ တည်ငြိမ် အေးချမ်းခဲ့ပြီး စစ်ပွဲများမှ ကင်းလွတ်ခဲ့သည့် သျှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီး ခရိုင်တွင် ပါဝင်သည့် ဖယ်ခုံမြို့နယ်သည် ယခုတော့ စစ်မြေပြင် ဖြစ်နေပြီ ဖြစ်သည်။

ဖယ်ခုံမြို့သာမက မိုးပြဲမြို့သည်လည်း စစ်မက်ဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသော မီးလောင်ကျွမ်း ခံထားရသော လူနေအိမ်များစွာဖြင့် လူသူကင်းရှင်းနေပြီ ဖြစ်သည်။

စစ်တပ်က အာဏာသိမ်းပြီးနောက် အကြမ်းမဖက် ဆန္ဒပြ ပြည်သူများကို ရက်ရက်စက်စက် ပစ်သတ် နှိမ်နင်းခဲ့မှု၏ အကျိုးဆက်အဖြစ် တိုင်းရင်းသား လက်နက်ကိုင် နယ်မြေများသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည့် ထောင်ပေါင်းများစွာသော လူငယ်များသည် ယခုအခါ စစ်အစိုးကို လက်နက်ကိုင် တော်လှန်နေသည့် တော်လှန်ရေး တပ်သားများအဖြစ် ပြန်လည် ထွက်ပေါ်လာပြီ ဖြစ်သည်။



သျှမ်းပြည်နယ်နှင့် ဆက်စပ်နေသည့် ကရင်နီ ပြည်နယ်တွင် လအနည်းငယ် အတွင်း လက်နက်ကိုင် တော်လှန်ရေး အားကောင်းလာပြီး ပြည်နယ် တစ်ခုလုံးသို့ စစ်ဘောင် ကျယ်ပြန့်လာရာ ယခုအခါ သျှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် အတွင်း ပါဝင်သည့် ဖယ်ခုံမြို့နယ်ထဲအထိ စစ်ဘောင် ကျယ်ပြန့်လာပြီ ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ် နောက်ပိုင်း ဖြစ်ပွားနေသည့် မြန်မာပြည်တွင်း စစ်ပွဲများသည် သျှမ်းပြည်နယ် တောင်ပိုင်းနှင့် မဆိုင်သကဲ့သို့ စစ်မက်ဒဏ် ပြင်းထန်စွာ ခံခဲ့ရခြင်း မရှိသော တောင်ကြီးခရိုင်သည် ယခုတော့ စစ်မီးကို နဖူးတွေး ဒူးတွေ့ ကြုံတွေ့နေရပြီ ဖြစ်သည်။



သျှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့နှင့် ကီလိုမီတာ ၁၇၀ ဝန်းကျင်သာ ကွာဝေးသည့် ဖယ်ခုံမြို့နယ်တွင် တိုက်ပွဲများ ပြင်းထန်နေစဉ်မှာပင် သျှမ်းပြည်နယ် အလည်တည့်တည့်ဟု ဆိုရမည့် စစ်ရေးအရ မဟာဗျူဟာ ကျသည့် ရပ်စောက်မြို့နယ် ကျောက်ဂူဒေသတွင် သျှမ်းတိုင်းရင်းသား လက်နက်ကိုင် ၂ ဖွဲ့ တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး စစ်ကောင်စီက စစ်လေယာဉ်များဖြင့် လာရောက် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ သေးသည်။

ဖယ်ခုံ တိုက်ပွဲများတွင် ယခု ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် သျှမ်းပြည်တောင်ပိုင်း ကိုယ်စားပြု ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ဟု ဆိုရမည့် TAI PDF အဖွဲ့ ဝင်ရောက် တိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။

ထို့အတူ သျှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရွာငံတွင် ဒေသကာကွယ်ရေးတပ် PDF များ၏ လှုပ်ရှားမှုများ ပိုမိုများပြား လာသည်ကို တွေ့ရသည်။



သျှမ်းပြည်နယ် ဖယ်ခုံတိုက်ပွဲများတွင် TAI PDF တပ်ဖွဲ့ဝင်အချို့ ကျဆုံးခဲ့ကြောင်း တရားဝင် ထုတ်ပြန်ထားပြီး ၎င်းအဖွဲ့တွင် ရှမ်းပြည်နယ် တောင်ပိုင်းမှ လူမျိုးဘာသာ ပေါင်းစုံ လူငယ်များ၊ CDM ဆရာ ဆရာမများ ပါဝင်သည်ဟု ဆိုသည်။

"သျှမ်းပြည်တောင်ပိုင်း မြို့နယ် တော်တော်များများက လူငယ်တွေက ကရင်နီဘက်မှာ စုနေကြတာလို့ ပြောလို့ရတယ်။ ဆန္ဒပြပွဲတွေကို ပစ်ခတ် ဖမ်းဆီးတဲ့အချိန် ကျောင်းနေဖက် သူငယ်ချင်းတွေရှိတဲ့ ကရင်နီ ဘက်က လုံခြုံနေတော့ အဲဘက် ပြေးကြတာ များတယ်" ဟု ကရင်နီပြည်နယ်တွင် KNDF နှင့်အတူ တိုက်ပွဲ ဝင်နေသည့် ရွှေညောင်မြို့နေ ကိုဇော်ဇော်က ပြောသည်။

လက်ရှိ အခြေအနေအရ သျှမ်းပြည်တောင်ပိုင်းမှ လူငယ်များ သက်ဆိုင်ရာ မြို့နယ်အလိုက် ကရင်နီပြည်နယ် အတွင်း စုဖွဲ့မှုများ ရှိနေပြီး အချိန်တန်ပါက မြို့နယ်အလိုက် တာဝန်ထမ်းဆောင်ရန် အဆင့်သင့် ဖြစ်နေပြီဟု ဆိုနိုင်ကြောင်း အောင်ပန်းမြို့ခံ အသက် ၂၂ နှစ် အရွယ် ကိုအောင်ရဲ ကဆိုသည်။





"သူငယ်ချင်းတွေ အများစုက ရှောင်နေရတာနဲ့၊ တောထဲ ရောက်နေတာနဲ့ ဆိုတော့ စိတ်ဓာတ်တော့ ကျတာပေါ့။ အခု သူတို့က ဖုန်းဘေ ဖြည့်ပေးပါအုံး၊ ဟိုဟာ လုပ်ပေးပါအုံး၊ ဒါဝယ်ပေးပါအုံး ဆိုတာတွေက များလာတော့ စိတ်ဓာတ်ကျချိန် မရှိတော့ဘူး၊ ကျောင်းမတက် တော့ဘူး၊ အိမ်က စီးပွားရေးတွေမှာ ဝင်လုပ်နေပြီး ရသလောက် ထောက်ပံ့တယ်။ သူတို့ မကြာခင် အိမ်ပြန် ရောက်လာမယ်လို့ မျှော်လင့်တယ်" ဟု တောင်ကြီးမြို့ ဈေးပိုင်းရပ်တွင် နေထိုင်သူ အသက် ၁၉ နှစ်အရွယ် နန်းသီတာက ဆိုသည်။

သို့သော် အခြားသော ပြည်နယ်၊ တိုင်းများနှင့် နှိုင်းဆပါက သျှမ်းပြည်နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ် PDF များ အားပျော့နေသည်ကို ထင်ရှားစွာ တွေ့နေရသည်။



"သျှမ်းပြည်မှာက အဓိက သျှမ်းလက်နက်ကိုင် နှစ်ဖွဲ့နဲ့ ပအိုဝ်းလက်နက်ကိုင် PNLO က အားကောင်းတယ်။ လူမျိုးစုအလိုက် ပြည်သူ့စစ်တွေကလည်း အများကြီး ရှိနေတယ်။ အဲဒီ ဒေသခံ လက်နက်ကိုင်တွေက စစ်တပ်နဲ့ တစ်စုံတရာ ဆက်ဆံရေး အားကောင်းနေသရွေ့ PDF တွေ ရှင်သန် ရပ်တည်ဖို့ ခက်တယ်။ ဒါပေမဲ့ နိုင်ငံရေး ချိန်ခွင်လျှာက ပြည်သူဘက်က အားကောင်းနေတော့ မကြာခင် ဒေသခံ လက်နက်ကိုင်တွေ PDF ရဲ့ ဖြစ်တည်မှုကို အသိအမှတ် ပြုလိမ့်မယ်။ စစ်ကတော့ ရှောင်လွှဲလို့ မရနိုင်ဘူး။ နောက်ဆုံး ပွဲသိမ်းခါနီး စစ်မီးတောက်မှာပါပဲ" ဟု သျှမ်းနိုင်ငံရေး လေ့လာသုံးသပ်သူ ဦးစိုင်းကျော်စွာက ဆိုသည်။ သျှမ်းပြည်တောင်ပိုင်းတွင် PDF များ အားပျော့သည် ဆိုသော်လည်း ဒေသတွင်း မြို့နယ်အသီးသီးမှ လူငယ်များ တိုင်းရင်းသား ဒေသများတွင် စုဖွဲ့မှုများ အားကောင်းနေသည်ဖြစ်ရာ ဒေသတွင်း လက်နက်ကိုင်များ၏ နိုင်ငံရေးအရ ညီညွတ်မှု ရရှိသည်နှင့် တပြိုင်နက် PDF များ အချိန်တိုတွင်း အားကောင်းလာရန် လုံလောက်သည့် အခြေအနေ ရှိနေပြီဟု ၎င်းကသုံးသပ်သည်။

သျှမ်းနိုင်ငံရေးအရ အရေးပါသည့် အဖွဲ့အစည်း ဖြစ်သော သျှမ်းပြည် ညီညွတ်ရေး ကော်မတီ၏ လုပ်ငန်းစဉ်များ ခေတ္တ ရပ်နားထားရန် သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA) က ဖေဖော်ဝါရီလ ၂၆ ရက်တွင် တရားဝင် ထုတ်ပြန်ထားရာ သျှမ်းလက်နက်ကိုင်များ၏ နိုင်ငံရေးအရ ကွဲပြားမှု ပိုမို နက်ရှိုင်း လာမည်ဟု ယူဆဖွယ်ရာ ဖြစ်နေသည်။

ထို့အတူ ဖယ်ခုံဒေသနှင့် ဆက်စပ်နေသည့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ သျှမ်းပြည်နယ် ပင်လောင်းမြို့နယ်တွင် စစ်အစိုးရ၊ ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ခံ ပြည်သူ့စစ်ဖြစ်သည့် ပအိုဝ်း အမျိုးသား တပ်မတော် (PNA) က လုံခြုံရေး အကြောင်းပြချက်ဖြင့် တပ်များစွာ ချထားပြီး ဒေသ ကာကွယ်ရေးတပ် PDF များ စိမ့်ဝင်လာမည်ကို တင်းကျပ်စွာ ကာကွယ်နေကြောင်း ဒေသခံများက ဆိုသည်။

သို့သော် ပအိုဝ်းလူငယ် မျိုးဆက်သစ် အများစုသည် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် (PNO) နှင့် ၎င်း၏တပ် ပအိုဝ်းအမျိုးသား တပ်မတော် (PNA) ၏ ရပ်တည်ချက် အထူးသဖြင့် စစ်ကောင်စီ လက်အောက်ခံအဖြစ် ရပ်တည်နေခြင်းကို နှစ်သက်ခြင်းမရှိဘဲ သီးခြား ဒေသကာကွယ်ရေးတပ် PDF ထူထောင်ရန် ပြင်ဆင်မှုများစွာ ရှိနေသည်ဟု ပအိုဝ်းလူငယ်များက သုံးသပ်သည်။

လက်ရှိ သျှမ်းပြည်နယ် တောင်ပိုင်းရှိ တောင်ကြီး တက္ကသိုလ် အပါအဝင် နည်းပညာ တက္ကသိုလ်နှင့် အခြားသော ကျောင်းများ ပြန်လည်ဖွင့်လှစ်ထား သော်လည်း တက်ရောက်သူ နည်းပါးကြောင်း ဆန္ဒပြပွဲများတွင် တက်ကြွစွာ ပါဝင်ခဲ့သူ နည်းပညာ တက္ကသိုလ် ကျောင်းသား စိုင်းဟိန်းခန့်က ဆိုသည်။



"ကျောင်းဖွင့်ထားတယ်။ မတက်ဖြစ်ပေမယ့် တစ်ခါတလေ သွားဖြစ်တယ်။ အကြောင်းကြောင်းကြောင့် ကျောင်းလာတက်ရတဲ့ သူငယ်ချင်းတွေနဲ့ ဆွေးနွေးတိုင်ပင်လို့ ရတာပေါ့။ ကျနော်တို့ လူငယ်တွေ သွေးမအေးပါဘူး၊ အကြောင်းကြောင်းတွေကြောင့် ဘာမှလုပ်လို့ မရသေးလို့ ငြိမ်နေတာ၊ သူတို့ (သျှမ်းလက်နက်ကိုင်) ကိုတော့ သိပ်မမျှော်လင့်ပါဘူး။ ကျနော်တို့ လွပ်လပ်ဖို့တင် မဟုတ်ဘူး အဖမ်းခံထားရတဲ့ သူငယ်ချင်းတွေ လွတ်မြောက်ဖို့ လုပ်ရမှာပေါ့" ဟု ၎င်း၏ မျှော်လင့်ချက်ကို ပြောပြသည်။
တောင်ကြီးမြို့ပေါ်နှင့် မြို့နယ်အချို့ရှိ လူငယ်များအား လက်ရှိ တော်လှန်ရေး အခြေအနေများနှင့် မျှော်လင့်ချက်များအား သျှမ်းသံတော်ဆင့်က ဆက်သွယ် မေးမြန်းရာတွင် လူငယ်အများစုသည် လက်ရှိ အခြေအနေကို အားမရသော်လည်း သွေးအေးခြင်း မရှိပါဘဲ လက်နက်ကိုင် တော်လှန်ရေး ကျယ်ပြန့်လာပါက တစ်ထောင့်တစ်နေရာက ပါဝင်ရန် ဆန္ဒရှိကြကြောင်း ပြောဆိုကြသည်။

မည်သို့ပင် ဖြစ်စေကာမူ စစ်ကောင်စီ၏ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အခြေစိုက်ရာ သျှမ်းပြည်၏ မြို့တော် တောင်ကြီးမှသည် စစ်ဦးစီး တက္ကသိုလ်နှင့် တပ်မ (၅၅) အခြေစိုက်ရာ ကလောမြို့နှင့် စစ်သင်တန်းကျောင်းများ တည်ရှိရာ ရပ်စောက်မြို့ (ဗထူးတပ်မြို့)၊ စစ်ကောင်စီ၏ အဓိက ဒေါက်တိုင် လေတပ် အခြေစိုက်စခန်း တည်ရှိရာ နမ့်စန်နှင့် ထောက်ပို့တပ်များစွာ တည်ရှိနေသည့် အောင်သပြေတပ်မြို့များဖြင့် ခြံရံထားသည့် သျှမ်းပြည်နယ် တောင်ပိုင်းတွင် ပြည်တွင်း လွပ်မြောက်ရေး တိုက်ပွဲဝင်မှုများ ပြင်းထန်လာပြီး စစ်ဘောင် ကျယ်ပြန့် လာနိုင်သည် ဆိုသည့်အချက်ကို ဒေသခံ ပြည်သူလူထု အနေဖြင့် သတိဖြင့် ဆင်ခြင် ပြင်ဆင်ထားရန် လိုအပ်နေကြောင်း နိုင်ငံရေး လေ့လာသူများက သုံးသပ်ထားသည်။

(လုံခြုံရေးအရ ယခုဆောင်းပါးပါ အမည်များမှာ အမည်လွဲများ ဖြစ်ပါသည်)

https://burmese.shannews.org/archives/27173

---------------------------------------------------------------------------------------------

## CSSU လုပ်ငန်းစဉ်များ RCSS ခေတ္တဆိုင်းငံ့မည်

By SHAN - February 26, 2022

သျှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) သည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရာမှာ ထိုက်သင့်သလောက် တိုးတက်မှုမရရှိခဲ့သဖြင့် RCSS အနေဖြင့် ခေတ္တဆိုင်းငံမည်ဖြစ်ကြောင်း ယနေ့ (ဖေဖော်ဝါရီ ၂၆)ရက်စွဲဖြင့် ထုတ်ပြန်ချက်တစ်စောင် ထုတ်ခဲ့သည်။



မတ်လ ၅ ရက်နဲ့ ၆ ရက်နေ့မှာ ကျားဖြူပါတီရုံးခန်းမှာပြုလုပ်ကျင်းပတဲ့ CSSU ရဲ့ နှစ်ပတ်လည်ညီလာခံ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော်သည် (RCSS/SSA) သည် CSSU ကို ဦးဆောင်ဖွဲ့စည်းခဲ့သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။
CSSU ၏ ရည်မှန်းချက်ဖြစ်သည့် သျှမ်းတိုင်းရင်းသားများအကြား ညီညွတ်ရေးမှသည် သျှမ်းပြည် တိုင်းရင်းသားများအားလုံးညီညွတ်ရေးသို့ ဦးတည်ရန်အတွက် တိုးတက်မှုမရှိသလောက်နည်းပါးသည့် အပြင်

သျှမ်းပြည်အတွက် ရှင်းလင်းတိကျသည့် နိုင်ငံရေး ရည်မှန်းချက်များ မချမှတ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ထို့အပြင် ပါတီ နှစ်ပါတီအကြား ညှိနှိုင်းဆောင်ရွက်မှုများမလုပ်ဆောင်နိုင်ခဲ့ခြင်း၊ သျှမ်းတပ် (၂)တပ်ကြား ထိတွေ့မှုများကို CSSU မှ မဖြေရှင်းပေးနိုင်ခြင်း စသည့်အချက်များကိုပါ RCSSထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရည်မှန်းချက်များအတိုင်း အဖွဲ့ဝင်များအကြား ပူးပေါင်းလက်တွဲပြီး ရှေ့ခရီးကို အတူတကွ ချီတက်ရန် ခက်ခဲခြင်း၊ လက်ရှိပြဿနာများ ဖြေရှင်းနိုင်ရန် ၊ ကော်မတီ၏ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်ခြင်းတို့ကြောင့် RCSSမှ CSSU ၏ လုပ်ငန်းစဉ်များ ခေတ္တဆိုင်းငံ့ထားသင့်ကြောင်း ထုတ်ပြန်ချက် ကြေညာထားသည်။

CSSU သည် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ပူးပေါင်းဖြေရှင်းနိုင်ရေး၊ သျှမ်းပြည်တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ဦးတည်ပြီး နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အရပ်ဖက်လူမှုအဖွဲ့အစည်းများဖြင့် (၂၀၁၃) ခုနှစ် အောက်တိုဘာ (၁၇) ရက်မှာ ဖွဲ့စည်းခဲ့သည်။

https://burmese.shannews.org/archives/27150

---